ဝန်ဇင်း
Read on the move



## နတ်ရဲ (ရူပဗေဒ)

# နွေနှောင်းခါလွန်

# အမှာစာ

''နွေနှောင်းခါလွန်''မှာ''ချစ်ခြင်းနဲ့ မေတ္တာ တရားကို တွေ့ရမယ်''

IT ခေတ်လို့ပြောနေကြချိန်မှာ အငှား ဆိုင်ကလေးတွေ တဖြုတ်ဖြုတ်နဲ့ ကြွေလွင့် ကုန်ပါတော့တယ်။ စာအုပ်အငှားဆိုင်ယဉ်ကျေးမှု ထွန်းကားချိန်ကာလတွေတုန်းက လုံးချင်း ဝတ္ထုတွေက အပြိုင်အဆိုင်ထွက်ခဲ့တာပါ။ လုံး ချင်းတွေကလည်း လိုင်းပေါင်းစုံလို့ ပြောနိုင် လောက်တယ်။ အချစ် ၊ စုံထောက် ၊ သိုင်း ၊ ဂမ္ဘီရ ၊ ဘာသာပြန် အစုံပဲဖြစ်ပါတယ်။ နှစ်သက်ရာ ၊ နှစ်သက်ရာ ဖတ်ကြတာမို့ စာအုပ်အငှားဆိုင်လေးတွေက ညနေ ဖက်မှာ စည်ကားနေတော့တာပါပဲ။

အပျော်ဖတ်ပဲပြောပြော၊ အတည်ဖတ်ပဲဆိုဆို စာဖတ်နေတာကိုက ကျေနပ်စရာပဲမဟုတ်လား။ သည်လို စည်ပြောလှတဲ့ စာအုပ်အငှားဆိုင်ယဉ်ကျေးမှု တစ,တစ ယိုယွင်းလာလိုက်တာ အခုချိန်မှာတော့ စာအုပ်အငှားဆိုင်ဆိုတာ အတော့်ကိုရှားသွားပါပြီ။ စာအုပ်အငှားဆိုင်တွေ ပျောက်ဆုံးကုန်တာနဲ့အမျှ သိုင်း၊ အပျော်ဖတ် ၊ စုံထောက် ၊ ဂမ္ဘီရ တို့လည်း တဖြည်းဖြည်း ပျောက်ကုန်တော့ တာပါပဲ။ ဘာသာပြန်တောင် အတော်ရှားနေပါပြီ။

တလောက ဆရာသိုက်ထွန်းသက်နဲ့ စာပေအကြောင်း ပြောကြ ၊ ဆွေးနွေးကြတော့ ဆရာက အပျော်ဖတ် လုံးချင်းတွေပြန်ထွက်စေချင်တယ်၊ ဒါမှ စာဖတ်ချင်တဲ့လူငယ်လေးတွေ ဖတ်၊ ပျော်ပြီး စာအုပ်တွေကိုချစ်သွားတာမျိုး၊ ဖြစ်စေချင်တာလို့ ဆိုတယ်။ အဲသည်ကမှ ကျန်ရစ်မယ့် စာတွေဖတ်ကြဆိုတဲ့ အဆင့် ကို ပြန်မျှော်တ တာပါတဲ့လေ။ စဉ်းစားစရာပါပဲ။

ဖုန်းတစ်လုံးရှိရင် ကမ္ဘာပတ်လို့ရတဲ့ သည်နေ့ခေတ်မှာ လူတိုင်း ဖုန်းနဲ့ မျက်နှာနဲ့ကပ်နေကြတယ်။ ဘာတွေ ကြည့်နေကြတာလဲဆိုတာကတော့ အထွေအထူး ပြောစရာလိုမယ်မထင်ပါဘူး။ အထူးသဖြင့် သတင်းတွေ ၊ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ၊ တစ်ချို့ကျတော့လည်း အလွန်သိပ်ဖျင်းတဲ့စာတွေ ၊ ဓာတ်ပုံတွေ အပြန်အလှန်ဖတ်ကြ၊ ပို့ကြနဲ့ပေ့ါ။ ဝတ္ထုတစ်ပုဒ် ၊ အက်ဆေးတစ်ပုဒ်ကို Online မှာ မက်မက်စက်စက် ဘယ်သူမှ ဖတ်ကြဟန်မတူပါဘူး။

ဒါက လူငယ်တိုင်းဖြစ်နေတာပါလို့ ဝါးလုံးရှည်နဲ့ သိမ်းရမ်းတာမျိုး မဟုတ်ပါ။ အများစုဖြစ်နေတာကို ပြောတာဖြစ်ပါတယ်။ လူငယ်တွေ စာဖတ်စေချင်တယ်။ စာဖတ်တာကမှ အောင်မြင်မှုရဲ့ ဝတ်ရုံကို ဆင်မြန်းတာပဲ ဖြစ်ပါတယ်။ စာဖတ်ဖို့အတွက် စာအုပ်ရှိရမယ်။ လူငယ်ဖတ်ချင်တဲ့ စာအုပ်တွေ ရေးရပါမယ်။ ဒါက စာရေးဆရာရဲ့ တာဝန်။

ဟုတ်ပြီ။ စာရေးဆရာက ရေးပါပြီတဲ့။ ထုတ်ဝေသူက အဆင်သင့်ရှိဦးမှ။ ထုတ်ဝေသူကလည်း စာပေစိတ် ဘယ်လောက်ပဲရှိတယ်ပြောပြော ထုတ်သမျှ စာအုပ်တော့ အရှုံးမခံနိုင်ဘူး။ သည်လိုနဲ့ပဲ လုံးချင်းစာအုပ်တွေ သည်ဘက်ခေတ်မှာ အထွက်ကျဲကုန်ပါတော့တယ်။ ဈေးကွက်မှာက နိုင်ငံရေးနွယ်တဲ့စာအုပ်တွေ ၊ ထောင်အတွေ့အကြုံတွေ ၊ ပေါက်တတ်ကရ အရှူးချီးပန်းပြောနေသူတွေရဲ့ စာအုပ်တွေ... တကယ့်ကို လုပ်စားပစ်လိုက်တဲ့ စာအုပ်တွေ ဝင်ရောက်လာပါတော့တယ်။ ရသဝတ္ထုစာအုပ်တွေ မျက်နှာငယ်ရတယ်လို့ ဆိုရလေမလား။

ဆရာမ ဂျူး ၊ စံပယ်ဖြူနုတို့ရဲ့ လုံးချင်းဝတ္ထုတွေ ထွက်လာတော့လည်း အလုအယက် ဝယ်ကြပြန်ရော။ ဒါဆို ရသစာပေတွေကို မက်မက်မောမော ဖတ်နေကြတာပဲလို့ ကောက်ချက်ဆွဲရတော့မှာပေ့ါ။ ကျွန်တော်တို့ စာပေ ဟော ပြောပွဲတွေ သွားတဲ့အခါ ကိုယ်ရေးတဲ့ဝတ္ထုတို ၊ အက်ဆေးစာအုပ်လေးတွေ ယူသွားတော့ ရောင်းရတာ ပဲ။ စာဖတ်သူ မရှိတော့ဘူးလို့''အော်နေကြတာ

ဘယ်မှာဟုတ်လို့လဲဆိုပြီး ပြောရမလား။

မြို့ကြီးတွေမှာ စာအုပ်ဆိုင်အတွက် ဆိုင်ခန်းခတွေက မြင့်မား လွန်းတာကြောင့် အမြတ်သေချာတဲ့ဆိုင်တွေကပဲ ငှားလာတာဆိုတော့ စာအုပ်ငှားဆိုင်လေးတွေ လွင့်ကြွေ ကုန်တယ်လို့လည်းပြောနိုင်တာပဲ။ ဆိုင်တွေကမရှိတော့ စာရေးသူများကလည်း ရေးပြီးထုတ်မယ့်သူ မရှိတဲ့အခါ မရေးတော့။ ဒါနဲ့ပဲ စာအုပ်ဖတ်ချင်လည်း ဖတ်ခွင့်မရှိ ဖြစ်ကုန်တော့တာပါပဲ။

အခုချိန်မှာ လုံးချင်းဝတ္ထုတွေကို ဘယ်သူရေးရေး အားပေးချင်မိတယ်။ အထူးသဖြင့် အရေးကောင်းတဲ့ ဆရာ၊ ဆရာမတွေရဲ့ လုံးချင်းဝတ္ထုတွေကို မျှော်လင့်မိတာပဲ ဖြစ်ပါတယ်။ အဲသည်ဆန္ဒ ၊ တောင့်တမှုကို လူငယ်စာရေး သူတွေရဲ့ လုံ့လ ၊ ဝိရိယ၊ ကြိုးစားအားထုတ်မှုတွေက ဖြည့်ဆည်းပေးနေပါပြီ။ အဲသည် လူငယ်တွေထဲက တစ်ယာက်ကတော့... နတ်ရဲ ။

## (၂)

ကျွန်တော်နဲ့ နတ်ရဲရဲ့ ခင်မင်မှုသံယောဇဉ်က သွေးသားရင်းလို ဖြစ်ပါတယ်။ သူရေးတဲ့ ဝတ္ထုတိုလေးတွေကို ကျွန်တော်က ဝေဖန်ပေးလေ့ရှိပါတယ်။ စိတ်ကူးသက်သက် ဇာတ်လမ်းဖွဲ့ဝတ္ထုမျိုးတွေမရေးဖို့၊ ဘဝထဲကနေဝတ္ထု အတွေးလေးတွေ ဖန်တီးဖို့၊ ရင်ဘတ်နဲ့ ရေးဖို့၊ မဂ္ဂဇင်းပါ ပြီးရော မဖြစ်စေဖို့... စသဖြင့် ပြောဖြစ်ခဲ့ပါတယ်။ တစ်နေ့မှာတော့ သူ လုံးချင်းဝတ္ထုရေးနေတဲ့ အကြောင်းနဲ့ဖတ်ပြီး ဝေဖန်ပေးဖို့ပြောလာတော့ ကျွန်တော် အတော်ဝမ်းသာသွားပါ တယ်။ ဝတ္ထုတိုရေးရာကနေ လုံးချင်းဝတ္ထုရေးလာတဲ့သူတွေရဲ့ ဝတ္ထုအတော် များများက ကောင်းတတ်တာကိုး။ စေတနာနဲ့ရေးရင် ကောင်းတတ်တာပဲလေ။ ကျွန်တော် နတ်ရဲရဲ့ လုံးချင်းစာမူကို မျှော်နေမိပါတယ်။

ထားဝယ်ဘူတာကနေတဆင့် ရန်ကုန်ဘူတာကြီး ကျွန်တော့်ရုံးခန်းကို

''နွေနှောင်းခါလွန်''ဆိုတဲ့ စာမူကြီးရောက်လာတော့ ကျွန်တော် ၃-၄ ရက်နဲ့ အပြီးဖတ်ဖြစ်ပါတယ်။ ဖတ်ပြီးတော့ပြောစရာတွေ အများကြီးပေါ့။ ကျွန်တော် က ဇာတ်လမ်းနောက်လိုက်နေရတဲ့ အရွယ်၊ အသိ မဟုတ်ဘူးလေ။ အမှန်ပြောရရင် သည်ဝတ္ထုက ကျွန်တော့်ရင်ဘတ် မမှန်ဘူး။ မြန်မာဗီဒီယိုကား ကြည့်နေရသလိုပဲ။ စိတ်ကူးအတွေးတွေနဲ့ ဝတ္ထုတည်ဆောက်ထားတာလို့ ပြောရလိမ့်မယ်။ နတ်ရဲနဲ့ ဆုဂျေ နှစ်ယောက်ပေါင်း ဝတ္ထုတိုစာအုပ်မိတ်ဆက်ပွဲတုန်းကလည်း စိတ်ကူးယဉ် ဇာတ်လမ်း၊ ဝတ္ထုတွေအစား တကယ်ခံစားရတဲ့ဘဝထဲက အဖြစ်အပျက်တွေကို ရေးဖို့ တိုက်တွန်းခဲ့ပါသေးတယ်။ စာရေးကောင်းတဲ့အတွက် သတိထားပါလို့ ပြောမိပါတယ်။

နတ်ရဲက စာရေးကောင်းတယ်။ စကားပြေ ချောမွေ့တယ်။ အခု ''နွေနှောင်းခါလွန် '' မှာ မိပန်းတို့ရွာကို ကိုဇေဒါ ရောက်လာတယ်။ ကိုဇေဒါက အတိတ်မေ့နေသူ။ သူ့ကို ကယ်တင်ပေးတဲ့ မိပန်းတို့မိသားစု တခြားဒေသ ပြောင်းသွားရ။ ကိုရင်မြသာနဲ့တွေ့။ နောက် ကိုဇေဒါကိုပြန်တွေ့။ ကိုဇေဒါက မိပန်းတို့ကိုမေ့သွား။ မူလအသိပြန်ရ.. ဟာ.. တကယ့်ကို ကိုးရိုးယား ဇာတ်လမ်းတွဲပါပဲ။ ကျွန်တော် နတ်ရဲကို ပြောမိပါတယ်။ ပြီးမှ သြော်... ၂၅နှစ်အရွယ် ကလေးငယ်လေးကို ဘာကြောင့် ပေတံအကြီးကြီးတွေနဲ့ တိုင်းချင်ရတာ လဲဆိုတဲ့စိတ် ချွန်းပြန်အုပ်မိတော့ နတ်ရဲကို အားပေးရပြန်တာပေါ့။

စာရေးကောင်းတဲ့ ကလေးမို့ ပထမဆုံးလုံးချင်းနဲ့''ပေါက်'' ထွက်သွား စေချင်တဲ့ ဆန္ဒပါ။ ကျွန်တော် လောဘကြီးတယ်ပဲ ပြောရတော့မှာပေါ့။

ဘာပဲဖြစ်ဖြစ် လုံးချင်းဝတ္ထုတွေ အထွက်ကျဲနေချိန်မှာ နတ်ရဲရဲ့ ''နွေနှောင်းခါလွန်'' ဝတ္ထုလုံးချင်းက စာဖတ်သူအတွက် အာလျှပြေစေမှာပဲ ဖြစ်ပါတယ်။ ဒဿနတွေ၊ အားမာန်တွေ၊ အကျိုးပြုတွေ၊ ခေတ်ပြိုင်တွေ ဖယ်ထားလိုက်ပါ။ အနုပညာသက်သက်ခံစားမှုနဲ့ ရင်ခုန်သံကို နားစွင့် ဖတ်ကြည့် လိုက်ဖို့ တိုက်တွန်းပါတယ်။ သေချာတာတစ်ခုကတော့ သည်စာအုပ်မှာ ချစ်ခြင်းနဲ့

မေတ္တာတရားကို တွေ့လိုက်ရမှာပဲ ဖြစ်ပါတယ်။ လုံးချင်းဝတ္ထုတွေ မျှော်နေရတဲ့ အချိန်မှာ နတ်ရဲက လာခြင်းကောင်းသူ ဖြစ်လာမှာပါ။

နတ်ရဲရဲ့ နောက်ထပ် လုံးချင်းဝတ္ထုများကို မျှော်လင့်လျှက်

**ချစ်သော...ရဲသျှမ်း**

**၂၀၁၅ ဇူလိုင် ၂၃ ရက်။**

*

## ''မျှော်လင့်ခြင်းသစ်ပင်''

ကျွန်မလက်ထဲကို နတ်ရဲ(ရှုပဗေဒ)ရဲ့ လုံးချင်းစာမူ ရောက်လာတော့ ဝမ်းမြောက်ဝမ်းသာ အမှာစာရေးပေးမယ် ကတိပေးလိုက်မိပါတယ်။ တကယ်တော့ အမှာစာရေးတယ်ဆိုတာ - တာဝန် ကြီးလှတာမို့ ငြင်းပယ်ချင်ပေမယ့် ကိုယ် စာရေးသက် နုစဉ်က စာအုပ်ထုတ်တော့မယ်ဆို ကိုယ်ချစ်တဲ့ ဆရာမကြီး လူထုဒေါ်အမာတို့၊ ဆရာမကြီး(ဒေါ်)ခင်နှင်းယုတို့၊ ဆရာမကြီး (ဒေါ်)ခင်ဆွေဦး တို့ကို ဒီလိုပဲ အပူကပ်နေကျမို့၊ အခု နတ်ရဲ(ရှုပဗေဒ)ကို ရေးပေးမယ် ကတိ ပေးလိုက်ပါတယ်။

ရေးပေးမယ်သာဆို အလုပ်က အများသား။ မိမိ ပါဝင်လှုပ်ရှားနေတဲ့ Pen Myanmar အဖွဲ့ လှုပ်ရှားမှုခရီးစဉ် ရှိသလို၊ နှစ်ပတ်တစ်ကြိမ် ကျင်းပနေတဲ့ စာရေးသူတို့ ရသစာဖတ်ဝိုင်းကလည်း ရှိနေတာမို့ တော်ရုံနဲ့ရေးတဲ့ဆီ မရောက်ခဲ့ ပါဘူး။

ဒီကြားထဲ တပြည်လုံးနီးပါး ရေကြီးရေလျှံမှုကြီးဖြစ်တော့ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဆိုတာလို အလုပ်တွေများကြရပြန်တယ်။ အိမ်မှုကိစ္စ- စာပေအလုပ်က တစ်မျိုး မသွားမဖြစ် လူမှုရေးက တစ်သွယ် စာရွက်နဲ့ဘောလ်ပင် မတပ်မိဘူး။ နတ်ရဲလေးခမျာမှာတော့ ဆရာမရေ.... ဆိုပြီးတော့တောင် ဖုန်းမဆက်ရှာပါဘူး။ ကျွန်မတုန်းကလို အမှာစာတောင်းထားတဲ့ ဆရာမကြီး တွေဆီ 'စုမေရေ.... (ဒေါ်)ခင်နှင်းယု၊ မေဦးရေ.... (ဒေါ်)ခင်ဆွေဦး၊ ရယ်လို့ နားပူနားဆာ မလုပ်ရှာပါဘူး' သူ့ဘက်ကတိတ်နေလေ၊ ကျွန်မဘက်က အား နာလေ။

ရှုတ်ထွေးနေတဲ့ အာရုံတွေကြားမှာ သူ့အမှာစာကိစ္စ ခဏခဏ အာရုံထဲ

ပြန်ခေါ်ယူရတယ်။ နေပါဦး... သူ့ကိုကျွန်မ ဘယ်တုန်းက နီးစပ်ရင်းနှီးခဲ့ပါလိမ့်။ နှစ်ကာလ သိပ်မကြာသေးပါဘူး ၂၀၁၄ခုနှစ် စက်တင်ဘာ ၂၁ ရက်နေ့ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် Pen Myanmar ဆုပေးပွဲမှာ သူ့ ဝတ္ထု ''ငှက်ကလေး ဘယ်ဆီပျံသန်းနေ'' အတွက် ဆု လာယူတော့ တွေ့တွေ့ဆိုင်ဆိုင်တွေဖြစ်တာပါ။ နုနုနယ်နယ်ငယ်သေးတဲ့ အရွယ်ပေမယ့် အနုပညာခါတ်ခံ အားကောင်းကောင်းနဲ့ သူ့ကို တွေ့ရချိန်မှာ အလွန်ပဲ နှစ်ထောင်းအားရ ဖြစ်မိပါတယ်။

သူ့အကြောင်းတွေလေ့လာလိုက်တော့ သူဟာ ၂၀၁၂ အောက်တိုဘာလ အပျိုစင်မဂ္ဂဇင်းမှာ ''ဘဝမုန်တိုင်းဒဏ်'' ဆိုတဲ့ဝတ္ထုနဲ့ စာပေလောကထဲ ဝင်လာတာ သိလိုက်ရတယ်။ ၂၀၁၃ အောက်တိုဘာလ မိုးစာပေကနေ စင်တင်ကလောင်ရှင်အဖြစ် 'ပဥ္စလက်ဆန်သော နှင်းဆီအိပ်မက် ဝတ္ထုတိုစုစည်းမှု'စာအုပ်ကို ထုတ်ဝေပေးခဲ့တာ၊ ၂၀၁၄ ဖေဖော်ဝါရီလမှာ 'မိုးသည်းတစ်ည ခါးသက်အမှောင်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ' စာအုပ်ထွက်ရှိခဲ့တာ တွေ့ရပါတယ်။

စာရေးသက်(၃)နှစ်အတွင်း ရွှေအမြုတေ၊ အပျိုစင်၊ မဟေသီ၊ ကလျာ၊ ဇီဝက၊ ခေတ်ရနံ့၊ စရဏ၊ စုံနံ့သာ၊ မြင်ကွင်း၊ ရယ်စရာ၊ ရွှေဝယ်အလင်းတန်း၊ Family, Faces, New Style, Look, The Chic, Halo, Next အစရှိတဲ့ မဂ္ဂဇင်းတွေမှာ ဝတ္ထုတို (၄၀)၊ ရသစာတမ်း (၄)ပုဒ် ရေးသားပြီး ဖြစ်တာသိရပြန် တော့ အချိန်တိုအတွင်း တစ်လှမ်းချင်းသွက်သွက်လှမ်းလာတဲ့ သူ့ခြေလှမ်းတွေ တွေ့မြင်မိတဲ့အခါ လူငယ်တစ်ယောက်အတွက် အားတက်မှုဖြစ်ရပြန်ပါတယ်။

ကျွန်မ နတ်ရဲအပေါ် စိတ်ဝင်စားမှုတစ်ခုက နည်းနည်း ပုဂ္ဂိုလ်ရေးဆန်နေမလား မသိဘူး၊ အဲဒါက သူဟာ ထားဝယ်ဘက်က ဆိုတာ သိလိုက်ရလို့ပါ။ သူက ထားဝယ်နယ် ကံပေါက်ဇာတိတဲ့။ ကျွန်မအမေရဲ့ညီမ အဒေါ်ရင်းကမွေးတဲ့ အကိုတို့မိသားစုရှိတဲ့ ကံပေါက်ကို အရောက်သွားချင်တဲ့ စိတ်ဆန္ဒဖြစ်ပေါ်နေပေမယ့် ဒီကနေ့အထိ မရောက်ဖြစ်သေးဘူး။ တူလေး၊ တူမလေးတွေ ရန်ကုန်လာရင်တော့

မရောက်ဖူးတဲ့ ကံပေါက်အကြောင်းတွေ ပြောလို့ပေ့ါ။

ကျွန်မက ကံပေါက်သာမရောက်တာ ထားဝယ်ကိုတော့ အခေါက် ခေါက်ပါပဲ။ ပင်လယ်တံငါ ဝတ္ထုရေးတော့ ကျွန်မ မြိတ်ကိုပြန်ဆင်းသလို ထားဝယ်ကိုလည်း လေ့လာ ဖြစ်ပါတယ်။ ထားဝယ်က မိတ်ဆွေ ဦးစိုးမြင့်-ဒေါ်ဂင်လှိုင် မိသားစုဟာ ကျွန်မကို ထားဝယ်ရှုခင်းရှုကွက် ရေးကွင်း ရေးကွက် ပြသူတွေပေ့ါ။ ကျွန်မမို့ ထားဝယ်ရောက်ရင် သူတို့မှာ ဟိုပို့ပေးချင် ဒီပို့ပေးချင်နဲ့ စာရေးရာမှာ အထောက်အကူဖြစ်မယ့် ကိစ္စတွေ ဝိုင်းကြဝန်းကြနဲ့ပေ့ါ။ ဒီနည်းနဲ့ ကျွန်မ ထားဝယ် လောင်းလုံနယ်ထဲက မောင်းမကန်အလွန်က သဘော့ဆိပ် ရွာကလေးမှာ နှစ်ပတ်လောက်ကြာခဲ့တယ်။

သဘော့ဆိပ်ဟာ ငါးလှေတွေဆိုက်ကပ်လေ့ရှိတဲ့ သာမန်ကမ်းခြေ ရွာကလေး တစ်ခုမျှသာပါ။ ရွာကလူတွေဟာ မျက်လုံးနှစ်လုံးပွင့်တာနဲ့ ကမ်းခြေကို သွားကြတယ်။ ငါးလှေဆိုက်ချိန် ငါးပုစွန်ဝယ်ကြ၊ ငါးလှေတွေက စားနပ်ရိက္ခာနဲ့ ရေခဲတွေပြန်တင်ကြ၊ မိန်းမတစ်ယောက် ငါးမန်းတစ်ကောင်လုံး ခေါင်း၊ ရေယက်၊ အမြီး၊ အရေတခြား၊ အသားတခြားဖြစ်အောင် အချိန်တိုအတွင်း ဖျက်လိုက်တဲ့ မြင်ကွင်း သဘော့ဆိပ်ကမ်းခြေက သဲပြင်မှာ မြင်ခဲ့ရတယ်။ ငါးမန်းဖျက်ပွဲကို ရှေ့ဆုံးက အားပေးနေတာ ကျွန်မပေ့ါ။ အဲဒီ ရွာက အမျိုးသမီးတွေ့ရဲ့ ငါးမန်းကုန်စည် ပို့ဆောင်မှုလုပ်ငန်းဟာ အတော်စိတ်ဝင်စားစရာကောင်းတယ်။

ကျွန်မတို့ နေ့တိုင်းကမ်းခြေကို သွားတယ်။ ငါးညှီနံ့တွေထဲ တိုးဝင်တယ်။ လက်ဖက်ရည်ဆိုင်ထိုင်ကြတယ်။ ကျွန်မကတော့ ကမ်းဝင်လာတဲ့ ရေလုပ်သားတွေနဲ့ စကားစမြည်ပြောလို့ပေ့ါ။ တစ်ခါတော့ မိတ်ဆွေတွေက ကျွန်မကို သဘာဝ ကမ်းခြေ တစ်ခုနဲ့ မိတ်ဆက်ပေးခဲ့တယ်။ လက်ဖက်ရည်ဆိုင်ကလေးကနေ ကမ်းခြေအတိုင်း ဆက်သွားရင် တွေ့ရတဲ့အလှတရားက ကျွန်မအတွက် တစ်သက်မမေ့နိုင်စရာ၊ အဲဒါက အလွန်ကြီးမားတဲ့ ကျောက်တုံးကြီးတွေ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ဖြစ်ပေါ်နေတဲ့ အနေအထား၊ အချို့လဲလျောင်း၊ အချို့ထောင်မတ်ငေးရီ၊ အချို့

ကမ်းစပ်ဆီ ဦးတည်နေတဲ့ဖြစ်တည်မှုဟာ စာရေးချင်သူ တစ်ယောက်ရင်ကို စာရေးဖြစ်အောင် အကြိမ်ကြိမ် ပုတ်နှိုးနေတဲ့ မြင်ကွင်းပါပဲ။

ကျွန်မ သဘောဆိပ်ရွာမှာရှိနေတဲ့ နံနက်တိုင်း ကမ်းခြေကလေးဆီ အရောက်သွားတယ်။ ကျောက်တုံးကြီးတွေပေါ်တက်တယ် ပင်လယ်လေကိုအားရ ပါးရရှူတယ်။ ဒီရေတက်လို့ ကျောက်တုံးတွေဆီလှိုင်းရိုက်လွင့်စင်လာတဲ့ ရေမှုံရေမွှားတွေရဲ့ အအေးဓါတ်ကို ခံယူတယ်။ နေခြည်အောက်မှာလက်ဖြာနေတဲ့ ခရုရုပ်ကြွင်းတွေကြားမှာ အသစ်ရောက်လာတဲ့ ခရုရောင်စုံလေးတွေ ကောက်တယ်။ အဖော်မပါတစ်ယောက်တည်းပေ့ါ။ နောက်တော့ ကျွန်မကျောက်တုံးကြီးတွေနဲ့ မိတ်ဆွေဖြစ်သွားတယ်။ တည်းတဲ့အိမ်က စိတ်ပူပြီး လိုက်မခေါ်မချင်း ကျွန်မ ကမ်းခြေမှာပျော်နေတယ်။ ပင်လယ်အော်သံဟာ ကျွန်မအတွက် ခွန်အားသစ်တွေ တွန်းဖွင့်ပေးလိုက်တဲ့ ထိန်းကျောင်းမောင်းနှင်မှု တစ်ခုပါပဲ။

အဲဒီ ကအပြန်မှာ ''ကမ်းလှည့်ဆွတ်မိ'' လုံးချင်းဝတ္ထု ရေးဖြစ်ပါတယ်။ ''ကိုယ်တော်အရှင်နာမတော်ချီးမွမ်း''နဲ့ ''ပင်လယ်အသက်ဓါတ်တို့ထုံကူးနေတဲ့ ဝိညာဉ်'' လို ဝတ္ထုတိုတွေ ထွက်လာပါတယ်။ ကျွန်မကမ်းခြေကလေးကို ဘယ် တော့မှမမေ့ဘူး။ နောက်ထပ်သုံးနှစ်အကြာ ထားဝယ်ကွပ်ကဲရေးတပ်က ဟော ပြောပွဲဖိတ်လို့ တစ်ကျော့ပြန်ရောက်သွားတဲ့အခါမှာတော့ ဆရာမောင်သန်းဆွေ (ထားဝယ်)ကို အနိုင်ကျင့်ပြီး သဘောဆိပ်ရွာကမ်းခြေကလေးဆီ ပို့ဖြစ်အောင်ပို့ခိုင်း ပါသေးတယ်။ အတူသွားတဲ့ ဆရာမိုးဟိန်း(သားကျာနယ်ကျော်)၊ ဆရာအောင်ဝေး တို့ကို ကျွန်မရဲ့ကမ်းခြေကလေးရဲ့ အလှကို ကြွားရင်းပေ့ါ။

ကျွန်မတို့ ထားဝယ်ကို ဖြတ်တဲ့အခါ ထားဝယ်ရဲ့ ရေမြေတောတောင်ကို ဖြတ်သန်းရသလို ထားဝယ်စကား၊ ထားဝယ်သီချင်း၊ ထားဝယ်ရဲ့ရိုးရာယဉ်ကျေးမှု တွေကိုပါ ဖြတ်သန်းရပါတယ်။ ဦးဒိုက်ရဲ့ ထားဝယ်ဒိန်းသံကို ချန်ထားလို့မရ၊ ထားဝယ်ယဉ်ကျေးမှုအဖွဲ့ဝင်တွေရဲ့ ထားဝယ်သီချင်းတွေကို ချန်ထားလို့မရ။ ကျွန်မတို့ ဆရာမပေါက်စဘဝ ရေကြောင်းနဲ့ မြိတ်ကိုဆင်းရင် ထားဝယ်ကို

မဖြတ်လို့မရ၊ ဆင်ဖြူပြင်ဆိပ်မှာ တစ်ညအိပ် ထားဝယ်တက်လည်ပြီးမှ မြိတ်ကို ခရီးဆက်ရတာ ပါ။

စာရေးဆရာဖြစ်လို့ စာပေဟောပြောပွဲ အကြိမ်ကြိမ် ဖိတ်ကြားခံရတော့လည်း ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ကနက်သီရိ၊ ကလိန်အောင်၊ ရေဖြူ စတဲ့ မြို့တွေ အကြိမ်ကြိမ်ရောက်ခဲ့တာပါ။ ကျွန်မက ထားဝယ်ကို ရှူးသွပ်သူ ကိုယ်တိုင်လည်း ထားဝယ်နောက်ခံ တစိပ်တပိုင်းပါတဲ့ ''ကမ်းလှည့်ဆွတ်မီ'' ဝတ္ထုကို ဖတ်ကြည့်လိုက်တော့ ကျွန်မထင်သလိုမဟုတ်ပါဘူး။ ရှင်းရှင်းပြောရရင် နည်းနည်းတော့ ဘဝင်မကျဖြစ်သွားမိတယ်။

ဒုတိယအကြိမ် ဝတ္ထုကိုပြန်ဖတ်တယ်။ ကျွန်မရဲ့ ဘဝင်မကျမှုတွေ အတန်ငယ်ပြေလျော့လာပါတယ်။ တတိယအကြိမ်ဖတ်တယ်။ ကျွန်မရဲ့ အတ္တအစွဲ အလန်းတွေ ကွာကျကုန်ပါတယ်။ ဒါဟာ နတ်ရဲပါ။ မိချမ်းဝေ မဟုတ်ပါဘူး။ ကျွန်မသဘော့ဆိပ်ကို စွဲပေမယ့် သူစွဲချင်မှ စွဲမှာလေ၊ ကျွန်မ မောင်းမကန်ကို စွဲပေမယ့် သူစွဲချင်မှ စွဲမှာလေ၊ ကျွန်မဟာ ဖြစ်ချင်တာနဲ့ ဖြစ်စေချင်တာ ကြားမှာ ပိတ်မိနေသူပါလား။

ကျွန်မကို သူက သူစွဲလန်းရာ မဒူမြစ်ကြီးဆီခေါ်ဆောင်သွားတယ်။ သူစွဲလန်းရာ ဖျောချောင်းရွာနဲ့ ဗိုလ်ုကျက်တောရွာတွေဆီ ခေါ်ဆောင်သွားတယ်။ ရွာနှစ်ရွာကြားမှာ မြေဇာပင်ဖြစ်နေတဲ့ ကိုဗေဒါနဲ့မိပန်း ချစ်သူနှစ်ဦးဆီ ခေါ်ဆောင်သွားတယ်။

ကျေးလက်တောရွာများမှာ တွေ့ရလေ့ရှိတဲ့ အလှူမင်္ဂလာ အခင်းအကျင်း တွေနဲ့ မိတ်ဆက်ပေးတယ်။ ရပ်ရွာဓလေ့ ကွမ်းထောင်ကိုင်ရွေးချယ်ယဉ်ကျေးမှုနဲ့ မိတ်ဆက်ပေးတယ်။ မိခင်တိုင်းက သမီးတွေအပေါ် တန်ဖိုးထားအပ်တဲ့ ကွမ်းထောင် ကိုင်ဖြစ်စေလိုမှု မျှော်လင့်ခြင်းတွေနဲ့ မိတ်ဆက်ပေးတယ်။

ဒါတွင်မကသေးပါဘူး။ နှစ်ရှာကြားအမြစ်တွယ်နေတဲ့ ပဋိပက္ခအမုန်းတရားတွေရဲ့ ရန်ပွဲမှာပါဝင်ဆင်နွှဲစေပါတယ်။ ရန်သူဘက်တော်သားမှန်းသိရက်နဲ့ ဒုက္ခရောက်လာသူကို ကူညီကယ်တင်ခြင်း အနွေးခါတ်မှာ ကျေနပ်မှုဖြစ်ပေါ်စေပါတယ်။ မဒူမြစ်ကမ်းနဘေးက ချစ်သူနှစ်ဦးရဲ့ ရင်ခုန်သံစည်းချက်မှာ လိုက်ပါလှုပ်ခတ်စေပါတယ်။

နတ်ရဲဟာ နုနယ်ငယ်ရွယ်တဲ့ ခေတ်လူငယ်ဖြစ်သော်လည်း သူရေးတဲ့ ဝတ္ထုဖြစ်တဲ့အတွက် ကျေးလက်ဆန်တဲ့ အခင်းအကျင်းတွေနဲ့ ထုံမွှန်းထားတာတွေ့ရတယ်။ ဒေသဝန်းကျင်အဖွဲ့ကိုတော့ စာရေးလက်ကျနေသူတွေလို သေသေသပ်သပ်ဖွဲ့နွဲ့နိုင်တာတွေ့ရတယ်။ ဝတ္ထုတစ်ပုဒ်ရဲ့ ဂုဏ်အင်္ဂါပြည့်မြောက်ဖို့ အားထုတ်ထားတာတွေ့ရတဲ့အတွက် ကလောင်သစ်အနေနဲ့ ကြိုဆိုရမယ့်အနေအထားပါ။

နွေနှောင်းခါလွန်မှာ လူတွေအတွေးအခေါ်ယိုင်နဲ့အောင် ဖြိုဖျက်မယ့် အရေးအသားမျိုးတွေမပါဘူး။ လူမျိုးရေးဝါဒ မှိုင်းတိုက် စာသားတွေမပါဘူး ကြိုးပမ်းအားထုတ်မှုအတွက် ကျေနပ်ပါတယ်။

မျှော်လင့်ခွင့်ရှိရင် မျှော်လင်ချင်တာလေးတော့ ပြောလိုက်ပါရစေ။ နတ်ရဲဟာ ၂၁ ရာစုလူငယ်တစ်ယောက်ပါ။ ဘာဖြစ်လို့ ထွေးညိုဇာတ်လမ်းထဲက သာဒင်ကို ဘာထင်သလဲ ခေတ်ဆီပြန်သွားချင်ရတာ လဲ။ သူကြီးခေတ်ဟာ ရာစုအတော်များများမှာ ကျန်ခဲ့ပြီမို့ သူကြီးတူစံဖ (သာဒင်စရိုက်ကျေးလက်လူမိုက်) များဟာလည်း နိဂုံးချုပ်သင့်နေပါပြီ။

ဒါဆိုရင်ကျေးလက်ဝတ္ထု မရေးရတော့ဘူးလားလို့ မေးစရာရှိပါတယ်။ ကျေးလက်ဝတ္ထုရေးရပါတယ်။ အခု ကျေးလက်တောင်သူတွေ ခံစားနေရတဲ့ ဒုက္ခ၊ မြေသိမ်းလယ်သိမ်း အနိုင်ကျင့်ခံရမှုတွေ ကျွန်မတို့ဝန်းကျင်မှာ လက်ညှိုးထိုးမလွဲ၊ ကျေးလက်ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် မလုံခြုံမှု၊ မြေယာမဲ့တွေရဲ့ ပူဆွေးသောက ဆို့နင့်မျက်ရည်၊ အားမတန်လို့ မာန်လျှော့ထားရတဲ့ အံကြိတ်သံ တွေ၊

လူမသိသူမသိ လက်သီးကျစ်ကျစ် ဆုပ်ထားမှုတွေ....

နတ်ရဲကို ကျွန်မတို့ ဒီထက်မျှော်လင့်ပါရစေ လူငယ်လက်တက် စာရေးသူ တစ်ယောက်ဆီက ဒီထက်အားပါတဲ့၊ ခေတ်ပြိုင်ခံစားမှုပါတဲ့၊ စိတ်ကူးသက်သက် မဟုတ်ဘဲ ဘဝရသ လက်ရှိခေတ်ကာလ နောက်ခံ ပန်းချီကားပါတဲ့ ဝတ္ထုတွေ ပေါ်ထွက်လာစေချင်ပါတယ်။ လူငယ်တွေမှာ ဖြစ်ချင်စိတ် စေ့ဆော်မှုတွန်းအား ရှိပြီးသားပါ။ အားစိုက်မှု ဝီရိယကဲလိုက်ရင်ဖြင့် မဖြစ်နိုင်စရာမရှိပါဘူး။

ဟောဒီ ပင်လယ်ပြာပြာမှာ ငါးပုစွန်နဲ့ ရေထွက်သယံဇာတပစ္စည်းတွေ ရှိတယ်။ ကျွန်း၊ တောင်၊ သောင်၊ ကမ်းတွေရှိတယ်။ ဝါးလတ်၊ ဝါးတန်း ငါးဖမ်း လှေတွေရှိတယ်။ မပြည့်ဝတဲ့ အလိုဆန္ဒတွေကို ပင်လယ်ထဲ ပစ်ချရင်း လူ့ အခွင့်အရေး နဲ့ ဂုဏ်သိက္ခာကို ရောင်းစားခံနေရတဲ့ လှေစီးဒုက္ခသည်တွေရှိတယ်။ နတ်ရဲဟာ ပင်လယ်ပြင်ဆီ ခြေတစ်လှမ်းထွက်လိုက်စေချင်ပါတယ်။ ဆွတ်ယူ စားသုံးမကုန်တဲ့ ရတနာသိုက်ကြီး အနီးအနားမှာ ရှိနေတယ်ဆိုတာ မမေ့စေချင်ဘူး။ ဒါဟာ ကျွန်မအဖို့ နတ်ရဲအပေါ်ထားတဲ့ မျှော်လင့်ချက်ပါ။

ကျွန်မရဲ့ မျှော်လင့်ခြင်းသစ်ပင် ဖွံ့ထွားစေချင်စမ်းပါဘိ။

**မိချမ်းဝေ**

**၂၄.၈.၂၀၁၅**

*

# အခန်း(၁)

ဆောင်း၏ သရုပ်သည် တဖွဲဖွဲ့လွင့်စင်ကျလာသည့် နှင်းစက်တို့ကြောင့် ပို၍ ပီပြင်လာ၏ ။ ဆောင်းလေတဖြူးဖြူးကလည်း တရှီးရှီး အသံပေးကာ သစ်ရွက်များကို တိုးဝှေ့ ဆော့ကစားသွားသည်။ နှင်းစက်တို့ တဖြုတ်ဖြုတ် ကြွေဆင်းလာရာမှ သစ်ရွက်များပေါ်တွင် ခိုနားကြသေး၏ ။ အုံ့ဆိုင်းဆိုင်း တောတန်းများတွင်မူ နှင်းထုများက ဝေ့ဝဲကာ လွှမ်းခြုံ၍ နေလေသည်။

ခေါင်းမိုးပေါ် တဖျောက်ဖျောက်ကျလာသည့် နှင်းစက်သံများကြောင့် အိပ်ပျော်နေရာမှ မိပန်း ဖျတ်ခနဲ နိုးလာ၏ ။ မျက်လုံးကို အားယူကာ ဖွင့်ကြည့် လိုက်တော့ ပတ်ဝန်းကျင်တွင် အမှောင်ထုက ဖြန့်ကျက်ထားဆဲပင်။ အေးစိမ့်လာသည့် အချမ်းဒဏ်ကြောင့်လည်း စောင်ကိုလုံအောင် ဆွဲခြုံရ၏ ။ သို့တိုင်အောင် အချမ်းဒဏ်က လျော့ပါးမသွားချေ။ အနည်းငယ် သက်သာရုံ သာရှိ၏ ။ သည်နှစ်ဆောင်းက အရင်နှစ်ထက် အအေးပိုလေသည်။

သည်လို အေးသည့်ရာသီတွင် တစ်ရေးနိုးပြီးလျှင် ထပ်အိပ်ပျော်ဖို့ မလွယ်။ အချမ်းဒဏ်က စောင်ခြုံထားသည်ကိုပင် မလုံသလို ခံစားရသည်။ မိပန်းတို့ရွာက သစ်ပင်တောတန်းများဖြင့် အုံ့ဆိုင်းနေသည်မို့လည်း ပို၍ အေးစိမ့်လွန်းနေခြင်းပင်။

ခေါင်မိုးပေါ်ကျနေသည့် နှင်းသံ တဖျောက်ဖျောက်ကလည်း ပို၍ ကျယ်လာ၏ ။ စောင်ထဲမှ ခေါင်းကိုပြူထွက်ကာ ပတ်ဝန်းကျင်ကို တစ်ခေါက် ပြန်ကြည့်လိုက်တော့ အမှောင်ထုက ဝေ့ဝဲ၍ နေဆဲ။ သိပ်မကြာလိုက်ချေ။ အမိထံမှ လှုပ်ရှားသံသဲ့သဲ့ ထွက်လို့လာသည်။ အမိလည်း နိုးချေပြီ။ ခဏကြာတော့

မီးအိမ်လေး ဖျက်ခနဲ လင်းလာပြီး အမိက လှမ်းပြောလာသည်။

''မိပန်းရေ ... ထတော့ဟဲ့၊ ဒီနေ့ မြို့တက်ရမှာ မဟုတ်လား၊ ခဏနေ မောင်မြသာရဲ့ လှည်း လာတော့မယ်၊ အဆင်သင့်ပြင်ထားချေ''

''ဟုတ်ကဲ့ အမိ၊ မိပန်းလည်း နိုးနေပါပြီ''

အမိကိုပြောပြီး မိပန်း အိပ်ယာမှထလိုက်သည်။ ခန္ဓာကိုယ်မှ စောင်ကို ခွာလိုက်သည်နှင့် ပို၍ အေးလာ၏။ ထို့ကြောင့် နောက်ထပ် အနွေးထည်ကို ထပ်ဝတ်လိုက်ရသည်။ ပြီးနောက် အိမ်နောက်ဘက်သို့ ခြေသံလုံလုံဖြင့် ဖွဖွလေး နင်းလျှောက်လာခဲ့၏။ အဘက မိပန်းတို့ထသည့်အချိန် နိုးလာတတ်သော်လည်း မထသေးပဲ မှေးနေတတ်သည်။

''ဂိုဒေါင်ထဲက ဟင်းရွက်တောင်းတွေ အသင့်ပြင်ထား မိပန်း၊ ညည်းအဘ အတွက် ညက ကျန်တဲ့ ထမင်းတွေ ဟင်းတွေ နွှေးထားခဲ့လိုက်ဦးမယ်''

''ဟုတ်ကဲ့ မိပန်းပြင်ထားလိုက်မယ် အမိ''

အမိကို လှမ်းပြောပြီး ဂိုဒေါင်ဘက်ကို လျှောက်လာခဲ့သည်။ ဂိုဒေါင်ထဲမှ ဟင်းရွက်တောင်းကြီး သုံးတောင်းကို အပြင်သယ်ထုတ်ရ၏။ ဟင်းရွက်တွေက မိပန်းတို့ ခြံထွက်တွေ။ ညကတည်းက ခူးပြီး ရေဆွတ်ထားသည်မို့ အခုထိ လတ်ဆတ်နေ၏။ ပြီးတော့ ပဲထည့်ထားသည့်တောင်းက သုံးတောင်း။ ပဲတောင်းတွေက လေးလှသည်မို့ မိပန်းတစ်ယောက်တည်း မသယ်နိုင်ပေ။ ကိုရင်မြသာ လာမှ ပဲတောင်းတွေ သယ်ရမည်ပင်။

ပဲတွေကိုကျတော့ မိပန်းတို့ ချက်ချင်းမရောင်းပေ။ သိုလှောင်ထားပြီး ဈေးကောင်းရမှ ထုတ်ရောင်း၏။ မနေ့က မြို့တက်သွားသည့် ကိုရင်လှတို့က ပဲဈေးတွေတက်နေသည်ဆို၍ မိပန်းတို့ထုတ်ရောင်းကြမည်။

မိပန်းတို့ခြံကထွက်သည့် ဟင်းရွက်တွေကို နှစ်ရက်တစ်ခါ သုံးရက်

တစ်ခါလောက် မြို့တက်ရောင်းကြ၏ ။ ပြီးလျှင် လိုအပ်တာလေးတွေ ဝယ်ခြမ်းကြသည်။ မိပန်းတို့ မြို့တက်ပြီဆိုလျှင် လှည်းလေးငါးစီးလောက် စုပြီး သွားကြသည်။ တချို့ကျတော့ ကိုယ်ပိုင်လှည်းတွေနှင့် သွားကြ၏ ။ မိပန်းတို့ ကျတော့ လှည်းပိုင် မရှိသဖြင့် ကိုရင်မြသာ၏ လှည်းကိုပင် ငှားပြီး သွားကြရသည်။

ကိုရင်မြသာက ရွာတွင် အသင့်အတင့်ရှိရှာသည့် မိသားစုကပင်။ လယ်တွေ ယာတွေနှင့် နွားတွေလည်းရှိတော့ လုပ်စားကိုင်စားရ အဆင်ပြေသည်ဆိုရမည်။ ကိုရင်မြသာတွင် အမိတစ်ယောက်လည်း ရှိသေး၏ ။ ကိုရင်မြသာ၏ အမိနှင့် မိပန်း၏ အမိကလည်း ဘုရားကျောင်းကန်အတူတူ သွားကြသည်မို့ မိသားစုတွေလို ရင်းနှီးနေလေပြီ။ မိပန်းတို့ စိုက်ခင်းထဲတွင်လည်း ကိုရင်မြသာက အမြဲလိုလို လာကူညီတတ်သည်။

''ဟော ... မိပန်း တစ်ယောက်တည်း အလေးကြီးတွေ သယ်နေတာပါလား၊ ထားလိုက်ပါတော့လား မိပန်းရယ်၊ ကိုရင်မြသာ သယ်ပေးနေကျပဲကို၊ ပေး .. ပေး .. ကိုရင်မြသာပဲ လုပ်လိုက်တော့မယ်''

အိမ်ရှေ့နားတွင် နွားလှည်းလေးရပ်ပြီး မိပန်းဆီပြေးလာသည့် ကိုရင်မြသာ ရယ်လေ။ မိပန်းကိုလည်းပြော ဟင်းရွက်တောင်းတွေကိုလည်း အတင်းလုယူပြီး သယ်သွားရှာ၏ ။ ကိုရင်မြသာက တော်တော်လေး ကူညီချင်စိတ်ရှိတာ မိပန်း သိသည်။ မိပန်းကိုဆို အမြဲလိုလို ဂရုစိုက်လွန်း၍ အနေခက်ရ၏ ။ ရပ်စိမ်း ရွာစိမ်းတွင် ဆွေမျိုးရင်းချာလို မိတ်ဆွေမျိုးရတာ မိပန်းတို့ ကံကောင်းသည်ဟု ဆိုရမည်ပင်။

''နောက်ဆို ဒီလိုအလေးအပင်တွေ မသယ်ပါနဲ့လား မိပန်းရယ်''

''ရပါတယ် ကိုရင်မြသာရယ်၊ မိပန်းလည်း သယ်နိုင်လို့ သယ်တာပေါ့တော်၊ မသယ်နိုင်တဲ့ ပဲတောင်းတွေကိုကျတော့ ဒီအတိုင်း ထားခဲ့တယ်လေ''

''အင်းပါ မိပန်းရယ်၊ သယ်နိုင်လည်း မသယ်နဲ့၊ ကိုရင်မြသာ မရှိတဲ့

အချိန်မှ သယ်၊ ဟုတ်ပြီလား''

ကိုရင်မြသာ စကားကို မိပန်း ပြုံးတုံ့တုံ့နှင့် ခေါင်းညိတ်ပြလိုက်၏ ။ ကိုရင်မြသာက မိပန်းတို့အပေါ် အတော်လေးကို ကောင်းရှာပါသည်။ သည်ရွာကို ယောင်လည်လည်နှင့် မိပန်းတို့ စရောက်ကတည်းက ကိုရင်မြသာတို့ကပဲ အစစအရာရာ ကူညီပေးခဲ့ရှာသည်။ တခြားသူတွေလို မျက်နှာလွှဲခဲပစ် မလုပ်ကြ ကတည်းက ကျေးဇူးကို အထပ်ထပ်တင်မိပြီးသား။ ခင်ရာဆွေမျိုးဆိုပေမယ့် အစစအရာရာ ကူညီပေးပြန်တော့လည်း အားနာရလေသည်။

''မယ်ရုံတို့ ... မိပန်းတို့ ... အဆင်သင့်ဖြစ်ပြီလားဟေ့''

ခဏကြာတော့ မိပန်းတို့အိမ်ရှေ့တွင် လှည်းသုံးစီးက တအိအိနှင့် ရပ်လာ၏ ။ ဦးကြီးဘရင်ဆီက အသံထွက်လာတော့ အမိကလည်း အိမ်ပေါ်က ကမန်းကတမ်း ပြေးဆင်းလာလေသည်။

''ပြီးပါပြီ ကိုဘရင်ရေ ... တော်တို့ရှေ့ကသွားနှင့်ကြ၊ ကျုပ်တို့လှည်း နောက်ကလိုက်မယ်''

''အေး.. အေး မယ်ရုံ၊ ဒါဆို ကျုပ်တို့အရှေ့က ထွက်မယ်''

ဦးကြီးဘရင်တို့လှည်း တရွေ့ရွေ့နှင့် စထွက်တော့ မိပန်းတို့လည်း ကိုရင်မြသာ၏ လှည်းပေါ် တက်လိုက်ကြသည်။ လှည်းပေါ်တွင် လူသုံးယောက်နှင့် ဟင်းရွက်တောင်း၊ ပဲတောင်းတွေက ပြည့်လို့။ လှည်းက တရွေ့ရွေ့ ထွက်လာသည်နှင့် မိပန်းတို့အိမ်လေးက တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့လေသည်။

*

## အခန်း(၂)

ဆောင်းဝင်စမို့ ထင်၏ ။ နှင်းငွေ့လေးတွေပင် ဝေ့ဝဲလွှမ်းခြုံလို့။ မနက် ရောက်တာတောင် အလင်းရောင် သိပ်မရသေးပေ။ တောလမ်းကလေးတွင်တော့ မိပန်းတို့ရွာက လှည်းလေးစီး စီတန်းကာ သွားနေကြသည်။ လမ်းတစ်ဖက် တစ်ချက်က သစ်ပင်တွေလည်း စိမ်းစိုလို့။ ကျေးငှက်အော်သံလေးတွေကို ကြားတော့ တစ်ခုခုကို လွမ်းမိသလို ဖြစ်သွားသေးသည်။

အမိကတော့ နှင်းစက်လေးတွေကျလာသဖြင့် သဘက်ကို ခေါင်းပေါ်တင်ပြီး လွှမ်းခြုံထား၏ ။ ရာသီဥတုက တဖြည်းဖြည်း အေးလာပြီမို့ မြို့ရောက်လျှင် အနွေးထည်လေး ဝယ်မည်ဟု မိပန်း စိတ်ကူးထားလိုက်သည်။

မိပန်းတို့ရွာက မြို့နှင့် နည်းနည်းတော့ အလှမ်းဝေးသည်။ ရွာနှင့်မြို့က သုံးနာရီလောက် သွားရ၏ ။ ဟိုရောက်သည်နှင့် ရောင်းစရာရှိတာရောင်း။ ဝယ်စရာ ရှိတာဝယ်ပြီး နေမစောင်းခင် အမြန် ပြန်ကြရသည်။ ဤသည်ကပင် မိပန်းတို့ ကြာကန်ရွာက မြို့နှင့် အနီးဆုံးရွာ ဖြစ်နေသေး၏ ။ တခြားရွာတွေများဆို ညအိပ် ညနေသွားမှ ခရီးပေါက်ကြရသည်။ နေ့ချင်းပြန်ရဖို့များ မလွယ်ကူလှပေ။

သို့သော်လည်း အခုလို ရက်လွတ်တွေမျိုးကျတော့ မြို့ကို တက်လာသည့် လှည်းတွေ နည်းလှပါသည်။ လပြည့်နေ့တွေလို အခါကြီးရက်ကြီး ဆိုလျှင် မနက် အစောကြီး မြို့တက်ကြသည့် လှည်းတွေ တော်တော်လေးကို များကြ၏ ။ တခြား ရွာက လာကြသည့် လှည်းတွေနှင့် လမ်းမှာ ဆုံလျှင်တော့ လှည်းတန်းအရှည်ကြီး ဖြစ်သွားလေသည်။

''ရာသီဥတုက အေးလာပြီ မိပန်း၊ အနွေးထည်လေး ဘာလေး ဝယ်ခဲ့

ဦးနော်၊ ရာသီအကူးအပြောင်းမှာ ဖျားနာတာတွေ ဖြစ်တတ်တယ်၊ သေချာ ဂရုစိုက်ပါဦး''

လှည်းမောင်းနေသည့် ကိုရင်မြသာက လှမ်းပြော၏ ။

''မိပန်းလည်း ဝယ်မယ်လို့စဉ်းစားထားပါတယ် ကိုရင်မြသာရယ်၊ ကိုရင်မြသာအတွက်လည်း တစ်ထည်ဝယ်ခဲ့မယ်လေ၊ မိပန်းမှာကျတော့ မနှစ်က ဝယ်ထားတာလေး ရှိသေးတယ်၊ အမိနဲ့အဘအတွက်လည်း ဝယ်ရမယ်''

''ညည်းအဘမှာလည်း ရှိပြီးသားပဲ မိပန်းရယ်၊ မောင်မြသာနဲ့ ညည်းအဖို့ပဲ ဝယ်လိုက်၊ မောင်မြသာကလည်း ယောကျ်ားသားဆိုတော့ တော်ရုံ ဝယ်ဖြစ်တာ မဟုတ်ဘူး''

အမိပြောတာလည်း ဟုတ်သား။ ကိုရင်မြက ဆောင်းတွင်းဆိုလည်း အနွေးထည်ဝတ်တာ မမြင်ရပေ။ ပူသည့်ရာသီဆို စွပ်ကျယ်လေးနှင့် နေတတ်သည်ပင်။ အခုလို ဆောင်းတွင်းမှာတောင်မှ သာမန်အကျႌလေးနှင့် နေရှာသည်။ ရွာမှာက သစ်ရိပ်ဝါးရိပ်တွေနှင့် အုံ့ဆိုင်းနေတော့ ပိုအေး၏ ။ အေးတာမှ အသားထဲစိမ့်ဝင် လောက်အောင်ကို ချမ်းအေးလှသည်။

''ပိုက်ဆံ အကုန်ခံမနေပါနဲ့ မိပန်းရယ်၊ ကျုပ်အတွက်က အနွေးထည် မလိုပါဘူး၊ ဒီအတိုင်းနေလာတာ ကျင့်သားရနေပြီ''

''ဘယ်ဟုတ်မလဲ ကိုရင်မြသာရယ်၊ ဒီနှစ်က ဆောင်းဝင်စမှာတောင် တော်တော်လေး အေးနေပြီလေ''

''ချမ်းရင် မီးလှုံလိုက်မှာပေါ့ မိပန်းရယ်၊ ပိုက်ဆံတွေ အကုန်မခံနဲ့၊ အခုကတည်းက စုထားဆောင်းထား မိပန်း''

''မောင်မြသာလေးက တွေးတတ်လိုက်တာကွယ်၊ ဒီတစ်ခါတော့ မိပန်း ဝယ်ပေးတာယူလိုက်၊ နောက်ဆို အပိုငွေတွေ စုထားဆောင်းထားတော့မယ်၊

ဟုတ်ပြီလား''

''ဟုတ်ကဲ့ပါ ဒေါ်ကြီးရယ်''

အမိလှမ်းပြောမှ ကိုရင်မြသာက ခေါင်းညိတ်လက်ခံတော့သည်။ ဘာပဲပြောပြော ကိုရင်မြသာက မိပန်းတို့အတွက် မိတ်ကောင်းဆွေကောင်းရယ်ပါ။ မိပန်းတို့သည် ရွာကို စရောက်တော့ ကိုရင်မြသာကပဲ အစစအရာရာ ကူညီပေးရှာ၏ ။ ရပ်စိမ်းရွာစိမ်းတွင် ကိုရင်မြသာ၏ ကောင်းမှုကြောင့် မိပန်းတို့ မျက်နှာမငယ်ရခြင်းဖြစ်သည်။

ဒုက္ခတွေ တပွေ့တပိုက်နှင့် လေနှင်ရာလွင့်ခဲ့သည့် သစ်ရွက်ကလေးတွေလို မိပန်းတို့ သည်ရွာကို လွင့်လာခဲ့တာ နှစ်နှစ်တောင်ကျော်ခဲ့ပြီ။ အတိတ်ဆိုတာ မီးလောင်ပြင်ကြီးလို ပူလောင်ခဲ့သမျှ ပစ္စုပ္ပန်သည်သာ မိပန်းတို့အတွက် ခိုနားစရာ အိုအေစစ်လေး ဖြစ်ခဲ့ရရှာသည်။ အတိတ်ကို ပြန်မတူးဆွချင်သော်လည်း တစ်ခါ တစ်ရံ လာရောက်ရိုက်ခတ်သည့် အတိတ်၏ အရိပ်လှိုင်းတွေက မိပန်းရင်ကို တဆစ်ဆစ် နာကျင်စေပြန်ပါရဲ့။

''ဟဲ့ ... မိပန်း ... ဆင်းတော့လေ၊ မြို့ရောက်ပြီဟဲ့''

''ရောက်ပြီလား အမိ၊ ဒီတစ်ခါ ပိုမြန်သလိုပဲတော်''

အမိက လှမ်းအော်မှ မိပန်း အသိလေး ပြန်ဝင်လာခဲ့သည်။ လှုပ်ရှားမှုကိုယ်စီနှင့် အသက်ဝင်စည်ကားနေသည့် မြို့ဈေးလေးအနားတွင် ကိုရင်မြသာက လှည်းကို ရပ်လိုက်တော့ အမိနှင့် မိပန်း လှည်းပေါ်က ဆင်းလိုက်၏ ။ ကိုရင်မြသာက လှည်းပေါ်မှ ဟင်းရွက်တောင်းတွေနှင့် ပဲတောင်းတွေကို အောက်ချပေးလေသည်။

''ပဲတွေ အရင်သွားရောင်းမှာ မဟုတ်လား မိပန်း''

''ဟုတ်တယ် ကိုရင်မြသာ၊ ပဲတွေ အရင်သွားရောင်းလိုက်မယ်၊ ပြီးမှ

ဟင်းရွက် သွားသွင်းမယ်''

''ဒါဆို မိပန်း အရှေ့ကသွားနှင့်၊ ကျုပ် ပဲတောင်းတွေ သယ်ခဲ့မယ်၊ ဒေါ်ကြီးက လှည်းနားမှာပဲ စောင့်နေချေနော်''

ကိုရင်မြသာ ပြောတော့ အမိက ခေါင်းညိတ်ပြသည်။ မိပန်းက အရှေ့ကနေ ပဲဒိုင်ကို လျှောက်သွားတော့ ကိုရင်မြသာက ပဲတောင်းတွေကို ပဲဒိုင်ဆီ ရောက် အောင် တစ်ခုချင်း သယ်လာ၏။ ပဲဒိုင်ကိုရောက်တော့ ဈေးမေးကြည့်ရသည်။ မိပန်း ထင်ထားသည်ထက် ဈေးကောင်းနေတော့ ပျော်သွားရ၏။ သည်နှစ် ပဲတွေ ဈေးကောင်းသည် ဆိုရမည်။ ပဲရောင်းရသည့်ပိုက်ဆံကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မိပန်းနှင့် ကိုရင်မြသာ လှည်းဆီကို ပြန်လာခဲ့သည်။

''ဘယ်လိုလဲ မိပန်း၊ ဈေးကောင်းရခဲ့ရဲ့လားအေ''

လှည်းနားမှာ မိပန်းတို့ကိုစောင့်နေသည့် အမိက လှမ်းမေး၏။ သည်တော့ မိပန်းလည်း လက်ထဲကပိုက်ဆံကို ဝမ်းသာအားရ ပြလိုက်သည်။

''ဒီမှာ ကြည့်ပါဦး အမိရဲ့၊ မိပန်းတို့ ထင်ထားတာထက်ကို ဈေးပိုရ သေးတယ်''

''အေးပါတော် ... ပဲဈေးတတ်နေတဲ့ အချိန်ကိုက် ရောင်းထွက်သွားတော့ အမြတ်အစွန်း ပိုရတာ ပေါ့၊ ကဲ ... ဟင်းရွက်တွေ သွားသွင်းလိုက်ဦး''

ပဲတွေရောင်းပြီးသည်နှင့် ဟင်းရွက်သွားသွင်းဖို့ ပြင်ရ၏။ မိပန်းတို့က ဟင်းရွက်တွေ ချရောင်းစရာမလိုပေ။ မှာထားသည့် ဖောက်သည်တွေဆီကို သွင်းလိုက်ရုံပင်။ သူတို့က ဟင်းရွက်တွေကို ကြည့်ပြီး ကျသင့်ငွေ ပေးချေ ကြသည်။ သည်တော့ မိပန်းတို့လည်း အလုပ်ရှုပ် သက်သာလေ၏။ ကိုယ်တိုင် ချရောင်းသည်က ပို၍ မြတ်စွန်းသည်ဆိုသော်လည်း မိပန်းတို့မှာ ရွာပြန်ရဦးမည်မို့ အချိန်လည်းမရ။ သည်တော့ ဖောက်သည်ဈေးနှုန်းနှင့်သာ ဟင်းရွက်တွေ

သွင်းလိုက်ကြခြင်းပင်။ ဖောက်သည်ဈေးဆိုသော်လည်း မဆိုးလှပါပေ။ ခြံထွက်တွေမို့ အတော်လေး မြတ်စွန်းပါသည်။

ရောင်းစရာရှိတာတွေလည်း ရောင်းပြီးပြီမို့ လှည်းဆီ ပြန်လာခဲ့၏ ။ တောင်းအလွတ်တွေကို လှည်းပေါ် ပြန်တင်ပြီး ဝယ်စရာရှိတာတွေ ဝယ်ဖို့ ပြင်ရသည်။ မိပန်းတို့မြို့ရောက်လျှင် သည်လိုရောင်းလိုက် ဝယ်လိုက်နှင့်ပင် အချိန်ကုန်သွားတတ်ကြသည်။

''ကဲ ... ဝယ်စရာရှိတာတွေ သွားဝယ်လိုက်ဦးမယ် မောင်မြသာရေ''

''ဟုတ်ကဲ့ ဒေါ်ကြီး၊ ကျွန်တော် လှည်းပေါ်ကပဲ ထိုင်စောင့်နေတော့မယ်နော်''

''အေးအေး ... ဒေါ်ကြီးတို့ ဝယ်ပြီးတာနဲ့ ပြန်ခဲ့မယ်''

မိပန်းနှင့် အမိ အထည်ရောင်းသည့်ဘက်ကို လျှောက်လာခဲ့ကြ၏ ။ မြို့ဈေးက ကြီးပါဘိနှင့်။ မိပန်းတို့ ဈေးတစ်ခုလုံးကုန်အောင် မကြည့်နိုင်ကြပေ။ လိုချင်တာ ဝယ်မည့်နေရာလောက်ကိုပဲ ကြည့်ကြသည်။ ဟင်းရွက်ရောင်းသည့် အပိုင်းက သက်သက်။ အသားငါးဈေးက သက်သက်။ အဝတ်အထည်တွေ အိမ်သုံးပစ္စည်းတွေက သက်သက် ဖြစ်သည်။

အထည်တန်းဘက်တွင် အမိအတွက် အနွေးထည်လေးဝယ်ရင်း ကိုရင်မြသာ အတွက်ပါ တစ်ထည်ဝယ်လိုက်၏ ။ အဘအတွက်ကျတော့ သိုးမွှေးခေါင်းစွပ်လေး ဝယ်ခဲ့လိုက်သည်။ အဘက ဆေးရှာသည့်အချိန်ဆို မနက်အစောကြီး တောထဲ ဝင်ပြီး ဆေးရှာရသည်။ တောထဲမှာက ပိုပြီး အေးစိမ့်လေတော့ သိုးမွှေးခေါင်းစွပ် ကလေးက အဘအတွက် အနွေးဓာတ်ပိုရစေမည်။ ဈေးဝယ်ပြီးသည်နှင့် မိပန်းတို့ အထည်တန်းဘက်က ပြန်ထွက်လာခဲ့ကြသည်။

''အို ... မောင်ဗေဒါ ... အဲဒါ မောင်ဗေဒါ မဟုတ်လား... ဘုရား ဘုရား''

အမိရဲ့ အထိတ်တလန့်အော်သံအကြားမှာ မိပန်းလည်း လှမ်းကြည့်မိလျက်သားဖြစ်သွားသည်။ လူအုပ်အကြားတွင် ပျောက်သွားသည့် လူတစ်ယောက်က မိပန်းကို အလန့်တကြား ဖြစ်သွားစေခဲ့၏ ။ သူရဲ့မျက်နှာက ကိုဇေဒါနှင့်တထေရာတည်း။ မိပန်း ခြေတွေလက်တွေပါ တုန်ယင်လာခဲ့ရလေသည်။

သူ ဘယ်သူများလဲ။ ကိုဇေဒါ ကိုယ်တိုင်လား။ ဒါမှမဟုတ် ကိုဇေဒါနှင့် ချွတ်စွတ်တူသည့် တခြားတစ်ယောက်များလား။

အတွေးပေါင်းစုံက မိပန်း ရင်ထဲကို လှိုက်စားလာသည်။ ဝေဒနာဟောင်းက ချက်ချင်း အသစ်ဖြစ်လာပြီး မျက်ဝန်းတွင် မျက်ရည်တွေဝေ့တက်လာ၏ ။ မိပန်း၏ ခြေအစုံက ကျောက်ချထားခဲ့သလို တစ်နေရာတည်းမှာ ရပ်တန့်နေခဲ့သည်။

''အို ... မရှိတော့ဘူး မိပန်းရယ် ... ကျုပ် ရင်တွေ တုန်လိုက်တာအေ''

အမိ လှမ်းပြောမှ မိပန်း အသိဝင်လာပြီး သူ့ကို ပြန်လိုက်ရှာမိသည်။ သို့သော် ဘယ်လိုပင်ရှာရှာ သူ့ကို မတွေ့တော့ပေ။ လူအုပ်ကြီးအထဲတွင် သူက ပျောက်ကွယ်သွားခဲ့ပြီ။ မိပန်းရင်ထဲ ဝမ်းနည်းမှုတွေ လှိုင်းထန်လို့နေသလို တစ်ကိုယ်လုံးလည်း ကတုန်ကယင် ဖြစ်နေမိခဲ့၏ ။ ကြည်လင်နေသည့်စိတ်က ချက်ချင်း အုံ့မှိုင်းညို့မှောင်လာခဲ့ရသည်။

''အမိ ... အဲဒါ ကိုဇေဒါလားဟင်''

မိပန်း အေးစက်တုန်ယင်မှုအပြည့်နှင့် မေးလိုက်မိသည်။ မိပန်းလိုပင် အမိ၏ မျက်နှာပေါ်မှာလည်း ဝေခွဲမရသည့် အရိပ်တွေနှင့်။ သို့သော် အမိက အခြေအနေကို ချက်ချင်း ပြန်ထိန်းရှာသည်။

''သွားကြရအောင် မိပန်း၊ လူတူမရှား နာမည်တူမရှားတဲ့အေ၊ စိတ်ထဲ သိပ် အစွဲမထားနဲ့တော့''

အမိ၏ စကားက မိပန်း၏ စိတ်အစဉ်ကို ပစ္စက္ခအခြေအနေရောက်အောင် ဆွဲခေါ်လာခဲ့သည်။ မျက်ဝန်းက စီးကျလာသည့် မျက်ရည်စတွေကို မိပန်း လေးတွဲ့စွာ သုတ်ပစ်လိုက်မိ၏ ။ အမိပြောသလို ကိုဗေဒါနှင့်တူသည့် တခြားသူများလား။ မိပန်း မယုံနိုင်အောင် ဖြစ်နေမိ၏ ။ ကိုဗေဒါများဖြစ်နေမလားဆိုသည့် မဖြစ်နိုင်သော ကောက်ရိုးတစ်မျှင်လောက်ကို မိပန်း ဆွဲဆုပ်ချင်မိသေးသည်။

ရေစက်က ဘယ်လောက်ဆန်းကြယ်လဲဆိုတာ မိပန်း ကိုယ်တွေ့ကြုံခဲ့ပြီးပြီ။ မျဉ်းပြိုင်နှစ်ကြောင်း အကြားတွင် ထူးခြားစွာ ကြုံလာခဲ့ရသည့်ရေစက်က မီးလိုနေလို ပူပြင်းလှသည့်ကံကြမ္မာကန္တာရထဲတွင် အမြဲစိမ်းလန်းနေဖို့ဆိုတာ ဘယ်လွတ်ပ့ါမလဲ။ အသစ်တဖန် အမြစ်တွယ်လာသည့်ဝေဒနာဟောင်းကို ပြန်မေ့ပစ်နိုင်ရန်အတွက် စီးကျလာသည့် မျက်ရည်စတွေကိုပဲ မိပန်း ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်မိတော့သည်။

*

အခန်း(၃)

စိုက်ခင်းထဲတွင် ဟင်းရွက်တွေခူးနေရင်းက မိပန်း စိတ်တွေ ပျံ့လွင့်လို့ နေခဲ့၏ ။ အသားကျနေသည့် ဘဝတစ်ခုက မထင်မှတ်ပဲ လှိုင်းဂယက်တွေ ထလာခဲ့ရပြီ။ အရင်က မေ့ထားနိုင်ခဲ့သမျှ အခုတော့ မိပန်းရင်ထဲတွင် ဝေဒနာတွေ အသားမကျစွာနှင့် တိုက်စားလာခဲ့သည်။ ခဏတာမြင်လိုက်ရသည့် လူတစ်ယောက်က မိပန်းအတွက် တစ်ဘဝစာ ဝေဒနာတွေကို ပြန်လည်အသစ် ဖြစ်လာစေခဲ့ပြီလားလေ။

မိပန်းရင်ထဲတွင်လည်း ဝေခွဲမရမှုတွေနှင့် အက်ရှနာကျင်နေပါ၏ ။ အမိနှင့် အဘရှေ့တွင် ဟန်လုပ်နေရသော်လည်း တကယ်တမ်းကျတော့ မိပန်း ရင်တွေ နင်ကျင်လှပါပြီ။ သည်တစ်ခေါက် မြို့သွားတာ မိပန်းအတွက် ဝေဒနာဟောင်းက အသစ်ပြန်ဖြစ်စေဖို့လား။ အတိတ်ဆိုးကို အသစ်တဖန် အနက်ရှိုင်းဆုံး တူးဆွ ပစ်ဖို့လား။

''ညည်း မျက်နှာလည်းမကောင်းပါလား မိပန်းရယ်၊ နေမကောင်းဘူးလား''

အမိက မိပန်းဆီလျှောက်လာပြီး မေး၏ ။ မိပန်း ခေါင်းခါပြလိုက်မိသည်။ စိုက်ခင်းထဲမှာ တစ်နေကုန် ပင်ပန်းသည်ကို မိပန်းခံနိုင်သော်လည်း စိတ်ပင်ပန်းမှုကို မိပန်း အရှုံးပေးခဲ့ရသည်။

''မနေ့ကအကြောင်း ပြန်တွေးမိလို့ပါ အမိရယ်''

''ဒီကိစ္စ ညည်းအဘ မသိစေနဲ့ မိပန်းရယ်၊ သိရင်လည်း စိတ်မကောင်း ဖြစ်တာပဲ အဖတ်တင်မှာ၊ ဒီလောက်အထိ နေသားကျလာခဲ့ပြီးမှ ငြိမ်သက်နေတဲ့

ဘဝလေး ဂယက်ခတ်အောင် မဖြစ်စေနဲ့အေ''

''မိပန်း စိတ်တွေ အရမ်းလေးနေတယ် အမိရယ်၊ အဲဒါ သူများဖြစ်နေမလား ဆိုတဲ့ အတွေးတွေက အချိန်တိုင်းစိုးမိုးနေတာ အရမ်းပင်ပန်းတာပဲ''

''လူတူမရှားဆိုတာလည်း ရှိတာပဲ မိပန်းရယ်၊ စိတ်ကို လျှော့ထား လိုက်နော်''

''တကယ်လို့ အဲဒါ သူ ဖြစ်နေခဲ့ရင်ရောဟင် အမိ''

''အို ... မဖြစ်နိုင်တာ မိပန်းရယ်''

မိပန်းစကားအဆုံးတွင် အမိ၏ အလန့်တကြားရေရွတ်သံကြီး ထွက်လာခဲ့၏ ။ ပြီးလျှင် မိပန်းကိုကြည့်ပြီး ခေါင်းခါသည်။

''သဘောကိုပြောကြည့်တာပါ အမိရယ်၊ သူ့ကိုမြင်တော့ အမိတောင်မှ တအံ့တသြ ဖြစ်သွားသေးတယ် မဟုတ်လား၊ သူသာ ကိုဇေဒါဖြစ်ခဲ့ရင် မိပန်း ဘာလုပ်ရမလဲဟင်''

မိပန်း မေးလိုက်တော့ အမိက သက်ပြင်းချ၏ ။ ပြီးနောက် မိပန်းကို ဂရုဏာသက်စွာနှင့် လှမ်းကြည့်သည်။

''မဖြစ်နိုင်တာ မတွေးပါနဲ့ မိပန်းရယ်၊ သူသာ မောင်ဇေဒါ ဖြစ်ခဲ့မယ် ဆိုရင် အမိတို့ မိပန်းတို့ကိုတွေ့အောင် လိုက်ရှာမှာ သေချာတယ်၊ မောင်ဇေဒါက တာဝန်မဲ့တတ်တဲ့သူမျိုး မဟုတ်ဘူးလို့ အမိယုံကြည်တယ်၊ အမိတို့ ဒီလိုဘဝမျိုး ရောက်ခဲ့ရတာ မောင်ဇေဒါရဲ့ ပယောဂလည်းမကင်းဘူး၊ မောင်ဇေဒါသာ သက်ရှိ ထင်ရှားရှိခဲ့ရင် အမိတို့ဆီရောက်အောင် ပြန်လာမယ့်လူစားမျိုးပါကွဲ့''

''အမိရဲ့စကားကို မိပန်း ခေါင်းညိတ် ထောက်ခံမိပါ၏ ။ ကိုဇေဒါရဲ့ အကျင့်သိက္ခာကို မိပန်းလည်း သံသယမဖြစ်ခဲ့ပေ။ မိပန်းတို့ ရွာက နှင်ထုတ်

ခံခဲ့ရသည်ကိုလည်း ကိုဗေဒါကြောင့်ရယ်လို့ အပြစ်မဖွဲ့ရက်ခဲ့ပါ။ ကံအကြောင်းမလှ၍ ဖြစ်ရသည်ဆိုပြီး ကံကိုယိုးမယ်ဖွဲ့မိခဲ့သည်အထိ ကိုဗေဒါ့ကို မြတ်နိုးခဲ့ရ၏ ။

''ကိုဗေဒါ သေပြီဆိုပေမယ့် မိပန်းတို့ အလောင်းတောင် မမြင်ခဲ့ရဘူးနော်''

နောက်ဆုံးလက်ကျန် ကောက်ရိုးတစ်မျှင်ကို ဆွဲဆုပ်ရင်း မိပန်း ပြောမိသည်။ အဓိကတော့ မိပန်းကိုကြည့်ပြီး ခေါင်းခါပြီးရင်း ခေါင်းခါ၏ ။ အရင်က လက်ခံ ယုံကြည်ထားခဲ့သည့် ကိုဗေဒါ သေပြီဆိုသောစကားကို လက်မခံချင်သလို ဖြစ်လာ ခဲ့သည်။ မသေချာမရေရာမှုတစ်ခုကို တစ်ထစ်ချ ယုံကြည်နေမိခဲ့တာ မိပန်း၏ ရူးမိုက်မှုတစ်ခုလို့ ထင်ချင်လည်း ထင်ကြပါစေတော့။ သည်တစ်ခါ မြို့တက်ဖြစ်လျှင် သူ့အကြောင်း စုံစမ်းဖို့ မိပန်း ဆုံးဖြတ်လိုက်သည်။

''မိပန်းတို့ ဟင်းရွက်တွေတောင် ခူးနေကြပြီလား၊ ဒီနေ့ ငါးအင်းပက်နေလို့ နည်းနည်းနောက်ကျသွားတာ၊ ဒီမှာ ဟင်းစားယူလာခဲ့တယ်''

ကိုရင်မြသာရောက်လာတော့ မိပန်းတို့၏ စကားစလေးပြတ်တောက်သွားရ၏ ။ ကိုရင်မြသာက ငါးတစ်တွဲကို မြှောက်ပြသည်။ ငါးအင်း ပက်တိုင်း မိပန်းတို့ကိုလာပေးတတ်သည့် ကိုရင်မြသာရယ်လေ။ အဲလောက်အထိကို မိပန်းတို့အပေါ် ခင်တွယ်ရှာလေသည်။

''အတော်ပဲ မောင်မြသာရယ်၊ ညည်းဦးကြီးက ငါးဟင်းစားချင်နေတယ်တဲ့လေ၊ ညကျရင် မောင်မြသာပါ အတူတူလာစားလှည့်ပါလားကွဲ့''

''ဟုတ်ကဲ့ပါ ဒေါ်ကြီးရေ၊ ဒီနေ့တော့ ထမင်းစားမြိန်တော့မှာပဲ၊ ဟိုဘက်အခြမ်းက ဟင်းရွက်တွေရော ခူးပြီးပြီလား ဒေါ်ကြီး''

''မခူးရသေးဘူးကွဲ့၊ ဒီဘက်အခြမ်းကို အရင်ခူးနေတာလေ''

''ဒါဆို ဟိုဘက်အခြမ်းကို ခူးလိုက်မယ်၊ ဒေါ်ကြီးနဲ့ မိပန်း နားချင်

နားကြတော့နော်''

ကိုရင်မြသာ ထွက်သွားတော့ အမိက လှမ်းပြောသည်။

''မောင်မြသာလေးကို ဘယ်လို သဘောရလဲ မိပန်းရယ်၊ အကျင့်စာရိတ္တ လည်းကောင်းတယ်၊ အားကိုးလည်းရတယ်၊ မိပန်းအပေါ်လည်း အတော်လေး ဂရုစိုက်ရှာပါတယ်''

''မဖြစ်နိုင်ပါဘူး အမိရယ်''

မိပန်း ခေါင်းခါလိုက်မိပါ၏ ။ ကိုရင်မြသာက မိပန်းကို အစ်ကိုလိုတစ်မျိုး ချစ်သူလိုတဖွယ် စောင့်ရှောက်ချင်နေတာ မိပန်းလည်းသိသည်။ အမိနှင့် အဘကလည်း မိပန်း သဘောကျလျှင် ခေါင်းညိတ်မည်တဲ့။ သို့သော် မိပန်း ခေါင်းခါပြီးရင်း ခေါင်းခါမိသည်က အကြိမ်ကြိမ်ပင်။

ရွာတွင် ကိုရင်မြသာကို လိုချင်ရှာတဲ့ အပျိုတွေလည်းရှိပါ၏ ။ အမိကတော့ ကိုရင်မြသာက အသင့်အတင့် ကြွယ်ဝသည်။ အိမ်လေးနှင့် လှည်းတွေလည်း ပိုင်သည်။ အကျင့်စရိုက်ကောင်းပြီး လုပ်စားကိုင်စားတတ်သည်။ အသောက် အစားလည်း ကင်းသည်မို့ ကိုရင်မြသာလိုလူမျိုးက ငြင်းရက်စရာမရှိတဲ့အထဲမှာ ပါလေ၏ ။ ကိုရင်မြသာ၏ ကမ်းလင့်မှုကို တိတ်တခိုး မျှော်နေကြသူတွေလည်း ရှိကြပါသည်။

သို့သော် ကိုရင်မြသာက ထူးထူးခြားခြား မိပန်းအပေါ်တွင် အလေးသာခဲ့သည်။ မိပန်းတို့နှင့် ရင်းနှီးလွန်း၍ ရွာကလူတွေ တီးတိုးပြောကြတာကိုလည်း မိပန်း ကြားမိ၏ ။ အမှိုက်လိုလွင့်လာတဲ့ တစ်ရွာသူမကိုမှ ချစ်ရက်လေခြင်းဆိုသည့် စကားကိုပင် ဥပေက္ခာပြုပြီး မိပန်းတို့ကိုမှ သံယောဇဉ်တွယ်ငင်ရှာသည့် ကိုရင်မြသာပါ။

ဒါပေမဲ့ ကိုရင်မြသာကို မိပန်း အစ်ကိုတစ်ယောက်လိုသာ ချစ်ရှာပါသည်။ မိပန်း၏ ခါးသက်သည့်ဘဝထဲကို ကိုရင်မြသာအား

ဆွဲမသွင်းရက်ပေ။ မိပန်း ရင်ထဲမှာ နောက်ထပ်နေရာမရှိတော့လောက်အောင်ကို အဖြစ်အပြက်တစ်ခုက တိုက်စားဝါးမြိုခဲ့ရပြီ။ ခါးသီးသောရေစက်နှင့် ရက်စက်သည့် ကံကြမ္မာလောင်းရိပ် အောက်တွင် မိပန်း၏ ဘဝ အထိနာခဲ့ရတာ အခုထိ အကင်းမသေနိုင်ခဲ့ပေ။

''သေချာစဉ်းစားပါ မိပန်းရယ်၊ မသေချာမှုကို ဆုပ်ကိုင်မထားနဲ့၊ လက်တွေ့ကိုစဉ်းစား၊ မောင်မြသာက ညည်းအပေါ် ဘယ်လောက်ကောင်းရှာသ လဲ''

''မဖြစ်နိုင်ပါဘူး အမိရယ်၊ ကိုရင်မြသာက အဘက်ဘက်ကပြည့်စုံတဲ့ လူပါ။ ပြီးတော့ မိပန်းတို့က ဒီရွာက မဟုတ်လေတော့ ပိုပြီး သတိထားရမယ် အမိရယ်''

''ဒါဆိုလည်း မတိုက်တွန်းတော့ပါဘူးအေ၊ ညည်းစိတ်ထဲမှာ မောင်ဇေဒါ ရှိနေလို့ မောင်မြသာကို ငြင်းတယ်ဆိုရင် မှားမယ် မိပန်း၊ မောင်ဇေဒါ မရှိတော့ဘူး၊ သေသွားခဲ့ပြီ၊ ညည်း မနေ့က တွေ့ခဲ့တာက မောင်ဇေဒါနဲ့တူတဲ့ တခြားတစ်ယောက်ပဲ၊ ဒါကိုတော့ မမေ့လိုက်နဲ့ မိပန်း၊ အဲဒါ အမှန်တရားပဲကွယ့်၊ ကဲ ဟိုဘက် အခြမ်းမှာ ဟင်းရွက်သွားခူးလိုက်ဦးမယ်''

''အမိထွက်သွားပေမယ့် မိပန်း တွေဝေငေးမောနေမိဆဲပင်။ ကိုဇေဒါ သေပြီဆိုတာ အမှန်တရားတဲ့။ ဘာဖြစ်လို့များ အမှန်တရားက ခါးသီးလွန်း နေခဲ့ရသလဲ။ အမှန်တရားတစ်ခုကို မိပန်း ဘယ်လိုခွန်အားမျိုးနှင့် ငြင်းဆန်နိုင်ရမလဲ။ တွေးမိတိုင်း သက်ပြင်းချသံတွေ ပြန့်ကျဲကုန်ပြီး ဝမ်းနည်းနာကျင်မှုတွေသာ အဖတ်တင်လာခဲ့ရသည်။

အခုဆို အရင်ကလိုမျိုး မိပန်း မအိပ်စက်နိုင်တော့ပေ။ မျက်လုံးတစ်ခါ မှိတ်လေတိုင်း အတိတ်ရဲ့ အရိပ်လှိုင်းတွေ လာရောက်ရိုက်ခတ်တာကို မိပန်း ကြောက်နေမိခဲ့ပြီ။ ပြီးတော့ မိပန်းအတွက် ဘဝဆိုတာ နေလိုမီးလို ပူပြင်းလှတဲ့ ကမ္ဘာတစ်ခုလိုပါပဲလား။

ကံကြမ္မာရယ် မိပန်းကို တစ်ခါလောက်များ ပြုံးရယ်ခွင့်ကို ပေးသနား တော်မူပါ။

*

## အခန်း(၄)

သည်နေ့ မြို့တက်လာတော့ မိပန်းထံတွင် မျှော်လင့်ချက်တစ်ချို့ ကိန်းဝပ် နေခဲ့သည်။ မိပန်း စိတ်တွေလည်း ဂနာမငြိမ်ဖြစ်လို့။ စိတ်လှုပ်ရှားသည်လား။ တက်ကြွနေသည်လား ဝေခွဲမရ။ မြို့ကို မြန်မြန်ရောက်ချင်စိတ်တွေကသာ ကြီးစိုး နေခဲ့သည်။

သည်နေ့မှ ကိုရင်မြသာ၏ လှည်းကလည်း နှေးနေသလို ထင်ရလေသည်။ မြို့တက်သည့် လှည်းတွေအထဲမှာ မိပန်းတို့လှည်းက အရှေ့ဆုံးက သွားနေခဲ့၏ ။ သည်နေ့မှ အရှေ့ဆုံးက သွားကြရအောင်ဟု မိပန်းပြောတော့ ကိုရင်မြသာတောင် တအံ့တဩ ဖြစ်နေခဲ့သေးသည်။ ခါတိုင်းဆို နောက်ဆုံးမှထွက်ဖို့ မိပန်းပြောနေကျ မဟုတ်လား။

မြို့တက်ရမည်ကို တွေးပြီး မိပန်း ညကအိပ်မပျော်ခဲ့ပေ။ ဟိုဘက်လူးလိုက် သည်ဘက်လူးလိုက်နှင့် မျက်လုံးတွေ ကြောင်စိစိ ဖြစ်နေခဲ့၏ ။ ပြီးတော့ အတိတ်ရဲ့ အလွှာပေါင်းစုံက တစ်လွှာချင်း ကွာကျပြီး မိပန်းကို နှိပ်စက်နေခဲ့သည်။ အိပ်မပျော်ပါပဲနှင့် အိပ်မက်ဆိုးမက်တဲ့သူလို မိပန်း ကယောင်ချောက်ချားလည်း ဖြစ်မိသေး၏ ။

''ကဲ... ရောက်ပြီ မိပန်းရေ''

ကိုရင်မြသာက မိပန်းတို့ကိုလည်းပြော လှည်းကိုလည်း မြို့ဈေးကလေး အနားက သစ်ပင်အောက်တွင် နားလိုက်သည်။ သည်တော့ မိပန်းလည်း ဟင်းရွက်တောင်းတွေကို သယ်ချ၏ ။ ကိုရင်မြသာ လှည်းအောက်ရောက်တော့ ဟင်းရွက်တောင်းတွေကို မိပန်း သယ်ချလို့ပြီးနေခဲ့ပြီ။ ပြီးနောက် ဟင်းရွက်တွေကို

မြန်မြန်သွားသွင်းဖို့ ပြင်ရ၏ ။

မိပန်း လုပ်သမျှ ကိုင်သမျှကို အမိနှင့်ကိုရင်မြသာက တအံ့တသြနှင့် ဖြစ်နေရှာသည်။ မိပန်းက သည်နေ့မှ ထူးထူးခြားခြား ပိုသွက်လက်နေသလို အလောတကြီးလုပ်နေသည့်ပုံလည်း ပေါက်နေခဲ့သည်ကိုး။ သို့သော်လည်း မိပန်း ဘယ်သူ့မျက်နှာပေါ်က အရိပ်အယောင်ကိုမှ ဖမ်းဆုပ်မကြည့်မိခဲ့ပေ။ မိပန်း အကောင်အထည်ဖော်ရမည့် အလုပ်တစ်ခုလည်း ရှိသေးသည်မဟုတ်ပါလား။

''ညည်းကြည့်ရတာ မောလိုက်တာအေ၊ ဖြည်းဖြည်းသာသာလုပ်လည်း ရတာ ပဲ၊ အခုများ အနောက်က ကျားလိုက်လာသလိုပဲတော်''

အမိက မိပန်းကိုကြည့်ပြီး လှမ်းပြော၏ ။ ကိုရင်မြသာကတော့ အမိနှင့် မိပန်းကိုကြည့်ပြီး တဟဲဟဲရယ်သည်။

''အမိကလည်း မြန်မြန်ပြီးသွားတော့ ဝယ်စရာရှိတာဝယ်ပြီး မြန်မြန် ပြန်ရတာ ပေါ့''

''အေးပါတော် ... အေးပါ၊ ဒါနဲ့ ဒီနေ့က ဘာဝယ်စရာ ရှိသေးလို့တုံး''

''ဝယ်စရာဆိုလို့ မယ်မယ်ရရတော့ မရှိပါဘူး အမိရယ်၊ ဟိုဟာ ဒီဟာ လျှောက်ကြည့်ပြီး လိုအပ်တာလေး ဝယ်ရအောင်လို့ပါ''

''အေး ... ဟင်းရွက်သွင်းပြီးရင် ညည်းဘာသာသွားဝယ်လိုက်တော့နော်၊ မောင်မြသာနဲ့ လှည်းပေါ်ကပဲ စောင့်နေတော့မယ်''

''ဟုတ်ကဲ့ အမိ၊ မိပန်း မြန်မြန်ပြန်လာခဲ့မယ်''

မိပန်း ပြောလိုက်တော့ အမိက ခေါင်းညိတ်ပြ၏ ။ သည်တော့ မိပန်းလည်း ကိုရင်မြသာနှင့်အတူ ဟင်းရွက်တောင်းတွေ သယ်ပြီး ထွက်လာခဲ့လိုက်သည်။ ဟင်းရွက်တွေ သွင်းပြီးသည်နှင့် ကိုရင်မြသာက လှည်းဆီကို ပြန်သွားတော့၏ ။ အဲဒီ အချိန်မှ မိပန်းလည်း ဈေးအနှံ့ လျှောက်ကြည့်ရတော့သည်။

မိပန်း တစ်နေရာပြီး တစ်နေရာ လျှောက်ကြည့်၏ ။ လူများသည့် နေရာကိုလည်း တိုးဝှေ့သွားလိုက်တာပါပဲ။ မိပန်း လိုက်ကြည့်နေတာ ဝယ်ရမယ့်ပစ္စည်း မဟုတ်ပဲ ကိုဗေဒါနှင့် တူတဲ့သူကို လိုက်ရှာနေတယ်ဆိုတာ အမိများသိရင် ဆူဦးမည် ထင်၏ ။ သို့သော်လည်း တွေ့လိုတွေ့ငြားနှင့် မိပန်း လိုက်ရှာ နေမိခဲ့သည်။

''ဗုန်း ...''

''အင့် ''

ကျိုးကန်းတောင်မောက် လျှောက်ကြည့်နေရင်း လူတစ်ယောက်ကို မိပန်း ဝင်တိုက်မိသွား၏ ။ မိပန်းလည်း မိပန်း ပါပဲ။ မျက်လုံးက ဟိုကြည့် သည်ကြည့်နှင့် လူတစ်ယောက်လုံးကို မမြင်မိပဲ တမင်တကာကြီးလိုကို ဝင်တိုက်မိသွားခဲ့သည်။ တိုက်မိပြီးတာတောင် လဲကျသွားတဲ့သူက မိပန်း ဖြစ်နေသေးရဲ့။ ရှက်လိုက်တာလေ။ လူစည်ကားနေတဲ့ ဈေးမှာ ဖင်ထိုင်ရက်လဲကျသွားတာ ဘယ်လောက်တောင်များ ရှက်ဖို့ကောင်းလိုက်သလဲ။ ဝိုင်းကြည့်နေသည့်သူတွေအကြား မိပန်း မျက်နှာ တွေတောင် ပူနေမိခဲ့၏ ။

''ဘာဖြစ်သွားသေးလဲဗျာ၊ ထလို့အဆင်ပြေရဲ့လား''

''ဟုတ်ကဲ့ ... မိပန်း ဘာမှ မဖြစ်ပါဘူး ... ဟင် ... ကို ... ကိုဗေဒါ''

မိပန်း၏ စကားသံက တစ်ဝက်တစ်ပြက်နှင့် ရပ်တန့်သွားခဲ့၏ ။ အံ့ဩ စိတ်တွေနှင့်လည်း ကတုန်ကယင်ဖြစ်လို့လာသည်။ အံ့ဩစရာကောင်းတဲ့ ကံကြမ္မာကောင်းတဲ့ ကံကြမ္မာရယ်။ ကိုဗေဒါ့ကို မိပန်း ပြန်တွေ့ရလေပြီ။ မတွေ့ခင် တုန်းက အသည်းအသန် ရှာနေမိပေမယ့် တကယ်တမ်း တွေ့လာတော့ မိပန်း ဘာပြောရမလဲ မသိတော့ပေ။

မိပန်း တုန်ယင်နေခဲ့တာကို ကြည့်ပြီး သူလည်း အံ့ဩနေပုံ ပေါ်လေသည်။ မိပန်း မဝံ့မရဲနှင့် သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်မိ၏ ။ ကိုဗေဒါမှ

ကိုဖေဒါ အစစ်ပါပဲ။ သူ့နဖူးမှာ စွဲထင်နေခဲ့တဲ့ အမာရွတ်တစ်ခုက သူဟာ ကိုဖေဒါ ဖြစ်ကြောင်း ခိုင်လုံသည့်သက်သေတစ်ခု ဖြစ်စေခဲ့သည်။

''ကိုဖေဒါ ... ကိုဖေဒါ မသေဘူးနော်''

မိပန်း စိတ်လှုပ်ရှားစွာနှင့် မေးမိ၏ ။ ကြည့်စမ်းပါဦး။ ကိုဖေဒါက အရင်ကထက်တောင် ကြည့်ကောင်းလာသည်။ ကံကြမ္မာက မိပန်းဘက်ကို အလေးသာပေးခဲ့ပြီ ထင်ပါရဲ့။ သည်နေ့ မိပန်း မြို့တက်လာခဲ့တာ မိပန်း၏ ဘဝ အလှည့်အပြောင်းတစ်ခုကို ကြုံကြိုက်စေခဲ့ပြီပဲလေ။

''စိတ်မရှိပါနဲ့ဗျာ ... ကျွန်တော့်နာမည် ဖေဒါ မဟုတ်ပါဘူး။ မိန်းကလေး လူမှားနေပြီ ထင်တယ်''

''ဟင်''

သူ့နှုတ်ခမ်းဖျားက ထွက်ကျလာသည့် စကားတစ်ခွန်းက မိပန်း၏ မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်လိုက်သလိုပင်။ သူ့နှုတ်ခမ်းက စကားလုံးတွေဟာ စိမ်းနေသည်မဟုတ်။ သူ့မျက်ဝန်းက အကြည့်တွေလည်း မိပန်းအပေါ် စိမ်းသက် နေခဲ့၏ ။ ဝမ်းနည်းနာကျင်မှုတွေက မိပန်းရင်ကို မွှေ့ရမ်းနေခဲ့ပြီ။ မိပန်း မျက်ဝန်းမှာ မျက်ရည်စတွေလည်း ရစ်သိုင်းလို့လာသည်။

ကိုဖေဒါ မမှတ်မိတော့လောက်အောင် မိပန်းအပြောင်းလဲကြီး ပြောင်းလဲ နေခဲ့လို့လား။ ဒါမဟုတ် ကိုဖေဒါ ဟန်ဆောင်နေခဲ့သည်လား။ နှစ်တွေကြာလို့ ကိုဖေဒါ သွေးအေးသွားခဲ့ပြီလား။ ထိုသို့မဟုတ်လျှင် ကိုဖေဒါ့အကြောင်း တွေးတိုင်း သွေးမအေးခဲ့သည့် မိပန်း၏ နှလုံးသားကပဲ အကြမ်းခံနေခဲ့သည်လား။

''ကိုဖေဒါ တကယ်ပြောနေတာလားဟင်၊ မိပန်းကို တမင်များ စ နေရော့သလား ကိုဖေဒါရယ်၊ ကိုဖေဒါ တကယ်ကို မမှတ်မိတော့တာလားဟင်''

မိပန်းပြောလိုက်သည့်အချိန် မယုံကြည်နိုင်စရာ

ကောင်းလောက်အောင်ပင် ကိုဗေဒါ အေးစက်လွန်းနေခဲ့သည်။ သူဟာ တကယ်ပဲ ကိုဗေဒါ မဟုတ်ခဲ့တာလား။ မိပန်း ခေါင်းခါလိုက်မိ၏ ။ သူဟာ ကိုဗေဒါဖြစ်ကြောင်း အခိုင်လုံဆုံး သက်သေက သူ့နဖူးက အမာရွတ်ပင် ဖြစ်၏ ။ ဘယ်လိုပင် ငြင်းဆန်ခဲ့ပါစေ ထိုအမာရွတ် တစ်ခုက သူဟာ ကိုဗေဒါဖြစ်ကြောင်း သက်သေပြနေခဲ့သည်။

''မိန်းကလေးကို ကျွန်တော် တကယ်မသိတာပါ၊ ပြီးတော့ ကျွန်တော့် နာမည် ဗေဒါ မဟုတ်ပါဘူး၊ ထွန်းသာပါ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦးဗျာ''

မိပန်းကို ဥပေက္ခာပြုပြီး သူ လှည့်ထွက်သွားဖို့ပြင်တော့ မိပန်း သူ့ကို တားလိုက်မိ၏ ။

''ခဏလေး ကိုထွန်းသာ ... တော်က ဒီစိန်ကြို့မြို့သားပဲလား''

နောက်ဆုံး လက်ကျန်မေးခွန်းတစ်ခုကို မိပန်း မေးလိုက်မိ၏ ။ သည်စကားရဲ့ အဖြေကိုကြားဖို့ ရဲဝံ့ချင်ဟန်ဆောင်ထားသည့် မိပန်း၏ ခြေထောက်တွေ မခိုင်ချင်တော့ပေ။ သည်စကားတစ်ခွန်းက မိပန်းရဲ့ မျှော်လင့်ချက်တွေကို အဝေးဆုံး ရောက်အောင် တွန်းနှင်ပစ်မယ့်စကားမျိုး မဖြစ်ပါစေနှင့်ဟုလည်း တိုးတိတ် ဆုတောင်းမိပြန်သည်။

''ကျွန်တော်က ဒီမြို့က မဟုတ်ပါဘူး၊ ဖျောချောင်းရွာသားပါ''

သူ့ဆီက စကားတစ်ခွန်းက မိပန်းနားထဲမှာ ကျယ်လောင်စွာ မြည်ဟည်း သွားခဲ့သည်။ နူးညံ့နေသည့် မိပန်း၏ မျက်လုံးထဲတွင် နာကျည်းရိပ်နေပြည့်နှက် လာသည်။ ပြီးနောက် သူ့ကို ရွံ့မုန်းစွာဖြင့် ခပ်စူးစူးကြည့်ပစ်လိုက်၏ ။

''တော်က လူယုတ်မာပဲ ကိုဗေဒါ၊ တော့်ကို အရမ်းမုန်းတယ်''

နာကျည်းမှုအပြည့်နှင့် စကားတစ်ခွန်းပြောခဲ့ပြီး မိပန်း ပြေးထွက်လာခဲ့ တော့သည်။ မိပန်း၏ မျက်ဝန်းမှာတော့ မျက်ရည်တွေ တရစပ် စီးကျနေခဲ့ပြီ။ မိပန်း

ရင်တစ်ခုလုံးလည်း နာကျင်အက်ကွဲလို့ နေခဲ့ပြီ။ လုပ်ရက်လေခြင်းဆိုသည့် နာကျည်းမှုက မိပန်းရင်ကို ပြင်းပြင်းထန်ထန် မွှေနှောက်လို့နေခဲ့သည်။

''အို ... မိပန်း ဘာဖြစ်လာတာတုံးအေ''

အင်အားဆုတ်ယုတ်သည့်ခြေလှမ်းတွေနှင့် လျှောက်လာခဲ့သည်မှာ အမိ၏ အသံကိုကြားမှ လှည်းနားကိုရောက်လာခဲ့မှန်း သတိထားမိလိုက်သည်။

''ဘာဖြစ်လာတာလဲ မိပန်း၊ ကိုရင်မြသာကို ပြောပါဦး၊ မိပန်းကို ငိုရအောင် ဘယ်သူ လုပ်လိုက်တာလဲ၊ အဲဒီ လူကို ကိုရင်မြသာကိုယ်တိုင် သွားသတ်မယ်''

မိပန်း ငိုနေတာကိုမြင်သည်နှင့် ကိုရင်မြသာကလည်း လက်သီးလက်မောင်း တန်းပြီး မေး၏ ။ အမိရော ကိုရင်မြသာပါ မိပန်းကို စိုးရိမ်တကြီး ဖြစ်နေကြ ရှာသည်။ မိပန်းလည်း ဝမ်းနည်းနာကျင်စိတ်နှင့် ငိုတာမရပ်။ ရှိုက်ကြီးတငင်ကို ငိုကြွေးနေမိခဲ့၏ ။ နှစ်ပေါင်းများစွာကြာမှ ပြန်တွေ့ခဲ့တဲ့ အရာတစ်ခုက အရင်လို ပျောက်ဆုံးသွားခဲ့ပေမယ့် လတ်ဆတ်တဲ့ဒဏ်ရာ ဒဏ်ချက်တွေကိုတော့ ရက်ရက် ရောရော ပေးရစ်ခဲ့တာပါပဲလား။

''မထိတ်သာမလန့်သာ မိပန်းရယ်၊ အမိကိုပြောပါဦး''

''ဟုတ်တယ် မိပန်း၊ ဒီလို ငိုနေလို့ ပြီးမှာမဟုတ်ဘူး၊ ကိုရင်မြသာလည်း စိတ်ပူလှပြီ၊ ဘာဖြစ်တာလဲ ပြောပါဦး မိပန်းရယ်''

အမိနှင့်ကိုရင်မြသာက စိုးရိမ်တကြီးလှမ်းမေးသည်၊ မျက်ရည်တွေအကြား ကနေ မိပန်း အားတင်းပြီး နာကျည်းစွာနှင့် ပြောလိုက်မိလေပြီတည်း၊

''ကိုဖေဒါသေပြီ၊ အခုတော့ ကိုဖေဒါ တကယ်သေသွားခဲ့ပြီ အမိရယ်''

''အို…''

''ဟင်..''

မိပန်းစကားအဆုံး ကိုရင်မြသာနှင့် အမိပါးစပ်အဟောင်းသားဖြစ်သွားလေ ၏။ မိပန်း၏ အတွေးအာရုံထဲတွင်တော့ အတိတ်သည် အနေးပြကွက်တစ်ခုကို တဖြည်းဖြည်းထင်ရှားလာခဲ့သည့်နောက်..။

*

## အခန်း(၅)

''အဘရေ.. အဘ၊ လူတော့.. လူ.. လူ''

ရွာနောက်ဘက်ပိုင်းဆီကနေ အပြေးလှမ်းလာသည့် မိပန်းတစ်ယောက် တဟဲ ဟဲမောပန်းနေရာက အသံကုန်ဟစ်လို့နေချေ၏ ။ မိပန်း၏ မျက်နှာတွင်လည်း ကြောက်လန့်တုန်လှုပ်မှုတွေက အထင်းသား။ ရေခပ်သွားသည်ဆိုပြီး ရေအိုးလည်း ပြန်မပါလာ။ ဖိနပ်လည်းမပါပဲနှင့် မိပန်း တုန်လှုပ်ချောက်ချားစွာ ပြေးလာ၏ ။

''ဟဲ့ မိပန်း.. တကတည်းမှအေ၊ ညည်းနှယ် လူကိုများ မမြင်ဖူးတာကျ နေတာပဲ''

နွားစာစဉ်းနေသည့်အမိက မိပန်းကိုကြည့်ပြီး လှမ်းငေါက်သည်။ အဘက ဆေးဖော်နေရာမှ ခေါင်းကိုအသာ ငွဲစောင်းရင်း ကြည့်၏ ။ မိပန်းအသွင်က ကပျာ ကယာနိုင်လှသည်မို့လား။ ရောက်ရောက်ချင်း မိပန်း ဘာမှမပြောနိုင်သေးပေ။ တလှုပ် လှုပ်ခုန်နေသည့်ရင်ကိုအသာဖိပြီး စိတ်ငြိမ်အောင်ထားရ၏ ။ အမိကတော့ စိတ်မရှည် သလိုနှင့် လှမ်းကြည့်လို့နေသည်။ အဘကတော့ မိပန်းဆီကထွက်ကျလာမယ့် စကားကိုပဲစောင့်လို့နေ၏ ။

''မဟုတ်ဘူး အမိရဲ့၊ မဒူမြစ်ကမ်းစပ်မှာ လူတစ်ယောက်တင်နေတာတော့၊ သေသလား ရှင်သလားတောင် မသိရဘူး''

''အို.. မထိတ်သာ မလန့်သာ မိပန်းရယ်၊ ဘယ်ကမျောလာတာလဲဟဲ့''

ထိုအခါမှ အမိက ရင်ဘတ်ကိုအသာဖိပြီး လှမ်းမေး၏ ။ မိပန်းလည်း ရင်တွေတုန်လှုပါပြီ။ ချောင်းစပ်မှာ မှောက်ရက်ကြီးလဲနေလိုက်ပုံများ မျက်လုံးထဲ ကကို မထွက်ပေ။ သေသလား ရှင်သလားလည်းမသိ။ တစ်ခါမှလည်းမမြင်ဖူးတော့

အဲဒီ ပုံရိပ်က မျက်လုံးထဲ စွဲထင်နေရှာတော့သည်။ မိပန်းဖြင့် အခုထိ ကြောက်စိတ်နှင့် ရင်တွေတုန်နေမိခဲ့၏။

''ဘယ်သိမလဲ အမိရဲ့၊ မိပန်းလည်းအခုမှတွေ့တာကြီးကို၊ ရွာကလူတော့ မဟုတ်တန်ဘူး''

''ကဲ.. ကဲ အဘကိုလိုက်ပြစမ်း၊ မိပန်း၊ တော်ကြာ ရွာကတစ်ယောက်ယောက်မြင်သွားမှအခက်''

အဘက မိပန်းကိုပြောရင်း မဒူမြစ်ဆီကိုဦးတည်သွား၏။ မိပန်းလည်း အဘ၏ နောက်ကနေ မပြေးရုံတမယ်လှမ်း လျှောက်လာခဲ့သည်။ မိပန်း ရင်ထဲထိတ်လှုပါပြီ။ စတွေ့တွေ့ချင်းတုန်းကဆို မိပန်း လိပ်ပြာလွင့်မတတ်ပင်။ ကြောက်လိုက်တာလွန်ရော။ သေများသေသွားပြီလားဆိုပြီး ထိတ်လန့်ချောက်ချားသွားမိ၏။ မိပန်းလည်း ရုတ်တရက်ဆိုတော့ မြင်မြင်ချင်း ရေအိုးကို လွှတ်ချပြီး ကြောက်လန့်တကြားပြေးလာခဲ့သည်မို့ မျက်နှာကိုတောင် ကြည့်ခဲ့တာမဟုတ်ပေ။ အခု နောက်တစ်ခါထပ်မြင်ရမှာမို့ပ ကြောက်စိတ်က တရိပ်ရိပ်နှင့် တက်လာပြန်သည်။

''နေပါဦးတော်ရဲ့၊ ကျုပ်လည်းလိုက်မှာပေါ့''

အမိကလည်း လှမ်းအော်ရင်း အနောက်ကနေပြေးလိုက်လာသည်။ အတန် ကြာတော့ မဒူမြစ်ကမ်းစပ်ကို ရောက်လာခဲ့၏။ ထိုအခါ မှောက်ခုံကြီးလဲနေသည့် လူတစ်ယောက်ကို အထင်းသားမြင်ရသည်။ အဘက အဲဒီ လူအနားကို လျှောက် သွား၏။ မိပန်းနှင့် အမိကတော့ တော်တော်လှမ်းလှမ်းကသာ စောင့်ကြည့်နေလိုက် ကြသည်။

အဘက မှောက်ရက်လဲနေသည့်လူကို ပက်လက်ဖြစ်အောင် ဆွဲလှန်လိုက် တော့ မျက်နှာကြီးက ဘွားခနဲပေါ်လာလေ၏။ လေးထောင့်ကျပြီး ယောကျာ်းပီသတဲ့ မျက်နှာနှင့် သန်မာတဲ့ ညိုထောင်းထောင်းခန္ဓာကိုယ်ကြီး။ ပြီးလျှင်ခေါင်းနှင့် နဖူး တွင်လည်း သွေးထွက်နေသည့် ဒဏ်ရာကြီးနှင့်။

အဘကတော့ အဲဒီ လူကို စမ်းသပ် ကြည့်လို့နေသည်။

''မသေသေးဘူး မယ်ရုံ၊ အသက်ရှူနေသေးတယ်၊ မြန်မြန်လာကူကြ''

အဘဆီက အသံကြီးဟိန်းထွက်လာတော့ မိပန်းနှင့် အမိ အဘဆီပြေးသွား ကြသည်။ သည်လူ မသေသေးဘူးဆိုသည့်အသိနှင့် ကြောက်စိတ်လည်း နည်းနည်း ပြေလျော့သွားခဲ့၏ ။ အဘနှင့်မိပန်းက အဲဒီ လူကြီး၏ လက်မောင်းတစ်ဖက်စီကနေ ထွေးပွေ့ တွဲခေါ်လိုက်ကြသည်။ အမယ်လေး ဒီလူရဲ့ကိုယ်က လေးလိုက်တာများ မိပန်းနှင့် အဘတောင် မနည်းထူလိုက်ရသည်။ အမိကတော့ မိပန်းတို့ရှေ့က ဝါးတစ် ရိုက်လောက်အကွာကနေ ရွာကလူတွေ၏ အခြေအနေကို ကြည့်ပြီးသွားနေခဲ့သည်။

မိပန်းတို့အိမ်က ရွာအစွန်မှာ ကျတာမို့တော်သေးသည်ဟုဆိုရမည်။ မဟုတ် လျှင် ရွာကလူတွေနှင့် ထိပ်တိုက်တွေ့နေဦးမည်။ ဒီလူကလည်း ကိုယ့်ရွာသား၊ မဟုတ်ဘူးဆိုတာ မြင်တာနှင့်သိသား။ ဧကန္တ ဟိုဘက် ဖျောချောင်းရွာသား ဖြစ်ဖို့များပါသည်။ သည်လိုဆိုတော့ မိပန်း ရင်မောသွားရ၏ ။ ဟိုဘက်ဖျောချောင်း နှင့် မိပန်းတို့ ဖိုက်တောရွာက ရှေးပဝေသဏီကတည်းက ရန်ငြိုးရန်စရှိခဲ့ကြ၏ ။ နှစ်တွေကြာညောင်းလာသည့်တိုင်အောင် ပြေလျော့မှုမရှိသည့် တင်းမာမှုတွေနှင့်လေ။

ဖျောချောင်းရွာနှင့် ဖိုက်တောရွာအကြား မဒူမြစ်ကြီးက ထီးထီးကြီးခြား လို့နေသည်။ မဒူမြစ်ကြီးကိုတောင် ဧရိယာသတ်မှတ်ပြီး ခွဲထားကြသေး၏ ။ မဒူမြစ် ၏ အလယ်ဗဟိုကနေ ဟိုဘက် သည်ဘက် ဖြတ်ကျော်ပိုင်ခွင့်မရှိ။ သည်ဘက် အခြမ်းကို ဖိုက်တောရွာကပိုင်သလို ဟိုဘက်အခြမ်းကလည်း ဖျောချောင်းရွာ၏ ပိုင်နက်ဖြစ်သည်။ သည်တော့ ယောင်လို့တောင် နယ်ကျွံမသွားမိစေနှင့်။ နယ်ကျွံ မိလို့ကတော့ သူသေကိုယ်သေ ဆော်ကြပြီသာမှတ်။ ဤမျှအထိကို တင်းမာခဲ့ ကြ၏ ။

အခုတော့ ဖျောချောင်းရွာသားက မဒူမြစ်ကြီးထဲမှာ မျောပါလာပြီး

မိပန်းတို့ ဖိုက်တောရွာကို နယ်ကျွံလာခဲ့ပြီ။ ဒါက သည်လူ့အတွက် ဆိုးရွားလှသည့် ကံကြမ္မာတစ်ခုဟု မိပန်းထင်မိသည်။ ဖျောချောင်းရွားသားတစ်ယောက်ကို မိပန်းတို့ ဖိုက်တောရွာက ဝမ်းပန်းတသာကြိုဆိုကြမည်မဟုတ်ပေ။ တော်သေးသည်က မိပန်းတို့နှင့် တွေ့၍ သာ။ ရွာက လူတွေနှင့်သာတွေ့ခဲ့လျှင် သည်လူ့အတွက် မတွေးရဲ စရာပင်။

မိပန်းတို့က ရွာကလူတွေလို ရန်ငြိုးရန်စ အာဃာတတွေ မထားခဲ့ကြပေ။ သည်လိုရေးအယူအဆဆိုးကြီးကိုလည်း မိုက်မိုက်မဲမဲ လက်သင့်မခံကြပေ။ လူလူ ချင်း ရန်တုံ့နှင်းနေလို့မှ အကျိုးမရှိတာ။ အချင်းချင်းသင့်မြတ်ကြလျှင် ဘယ်လောက် ပျော်ဖို့ ကောင်းလိမ့်မလဲ။ အခုတော့ ရွာနှစ်ရွာက မြင်တာနှင့် တုတ်ဆွဲ ဓားဆွဲ ဆော်ကြမည်ချည်းကြိမ်းဝါးနေကြသည်။ အဘနှင့် အမိကလည်း အဲဒီ လိုရန်ငြိုး အာဃာတကြီးမားတဲ့ အစဉ်အလာကြီးကို လက်မခံကြရှာပေ။

အဘက တစ်ရွာလုံးအားကိုးအားထားရသည့် တိုင်းရင်းဆေးဆရာကြီး ဖြစ်သည်။ အဘကိုယ်တိုင် တစ်တောဝင် တစ်တောင်တက် ခဲရာခဲဆစ်ဆေးမြစ် ဆေးဥရှာ၏ ။ အဘဖော်သည့်ဆေးကလည်း လူနာနှင့်တည့်တော့ ပို၍ အားကိုးကြ သည်။ လူနာတွေအပေါ်တွင်လည်း စေတနာထား၏ ။ ထို့ကြောင့် အဘ၏ အားကိုးနှင့် မိပန်းတို့ လူရိုသေ ရှင်ရိုသေ ဖြစ်ကြရခြင်းပင်။

''ဆေးလှောင်ထားတဲ့ ဂိုဒေါင်ထဲခေါ်သွားမယ် မိပန်း''

''ဟုတ်.. ဟုတ်ကဲ့ အဘ''

အဘကလှမ်းပြောလိုက်သည်ကြောင့် မိပန်း အမြန်ခေါင်းညိတ်လိုက်၏ ။ ဂိုဒေါင်ထဲမှာ ဆေးတွေကိုသာ လှောင်ထားသည်မို့ လုံခြုံ၏ ။ အဘ မကြာမကြာ လုံအိပ်တတ်သည့် ကွပ်ပျစ်လေးကလည်း အဆင်သင့်။ သည်တော့ လူနာကို ကွပ်ပျစ်ပေါ် လှမ်းတင်လိုက်သည်။ သည်ဂိုဒေါင်ထဲမှာ ဝှက်ထားလို့ကတော့ ရွာက

လူတွေ မသိတန်ကောင်းပါရဲ့။ အကယ်၍ များ ဖျောချောင်းရွာသားကို မိပန်းတို့ ခေါ်ထားမှန်း ရွာသားတွေ သိသွားလျှင် မိုးမီးလောင်ပြီသာမှတ်တော့။

''လူနာကို ရေစိုဝတ်နဲ့ ကြာကြာထားလို့မကောင်းဘူး၊ အဝတ်လဲပေးမှ တော်ချေမယ်၊ မိပန်း.. အဘရဲ့ အကျႌနဲ့ ပုဆိုး သွားယူခဲ့ချေ''

အဘစကားဆုံးသည်နှင့် ဂိုဒေါင်ထဲကနေ မိပန်း ပြေးထွက်လာခဲ့သည်။ အိမ်ပေါ်ကို အလျင်စလိုပြေးတက်ရင်း အဘ၏ ထန်းခေါက်ဖာလေးကို ဖွင့်လိုက်၏ ။ ထန်းခေါက်လေးထဲတွင် ခေါက်ပြီးထည့်ထားသည့်အဝတ်တွေက စီစီရီရီ။ အဲသည် ထဲကမှ သင့်တော်သည့် အကျႌနှင့် ပုဆိုးကိုယူပြီး ပြေးဆင်းလာခဲ့သည်။

''အဝတ်အစားတွေယူခဲ့ပြီ အဘ''

''အေး.. အေး၊ ညည်းတို့သားအမိတွေ အပြင်ထွက်ကြချေ၊ ဒီလူစိမ်းကို အဝတ်လဲပေးရဦးမှာ''

အဘက အဝတ်ကို ယူရင်းလှမ်းပြောတော့ မိပန်း မျက်နှာလေးရဲခနဲ ဖြစ်သွား၏ ။ အမိလက်ကို ဖျတ်ခနဲဆွဲပြီး ဂိုဒေါင်ပြင်ကို ခပ်သွက်သွက်လှမ်းထွက် လိုက်ရသည်။ ထို့နောက် အမိက မီးဖိုဘက်လျှောက်သွားပြီး ရေနွေးအိုးတည် ချေ၏ ။ မိပန်းကတော့ အမိအနားမှာပဲနေပြီး အမိ လုပ်သမျှကို လိုက်ကြည့်နေမိ သည်။

''လိုလိုမယ်မယ် ရေနွေးတစ်အိုးတည်ထားမှကွဲ့၊ နို့မို့ လိုအပ်မှတည်ရင် အချိန်ဖင့်တယ်ဟဲ့၊ အခုကတည်းက အသင့်ပြင်ထားတော့ ဆေးတွေဘာတွေ ကျိုမယ်ဆို ပိုမြန်တာပေါ့''

ပါးစပ်ကပြောရင်း လက်ကလည်းလုပ်ရင်းနှင့် ရေနွေးအိုးက မီးဖိုပေါ်ရောက် သွား၏ ။ ရေနွေးဆူလာသည့် အချိန်မှာပင် အဘက ဆေးမြစ်တွဲကိုယူပြီး ဂိုဒေါင် ထဲက ထွက်လာသည်။

''ရော့.. မယ်ရုံ၊ ဒီဆေးတစ်ခွက်စာ အမြန်ကျိုချေ''

အဘပေးသည့် ဆေးမြစ်တွဲကို အမိက အသာလှမ်းယူလိုက်၏။ သည့်နောက် ဆူနေသည့်ရေနွေးနှင့် ဆေးကို ကျိုလို့နေသည်။ ဆေးမြစ်အိုးကို မီးဖိုးပေါ်တင်ပြီး ဆေးတစ်ခွက်စာရလာသည့်အထိ သေသေသပ်သပ်လေး လုပ်သွားခဲ့၏။ အမိ၏ လုပ်ပုံကိုင်ပုံက မြန်လည်းမြန်ပြီးတိကျသည်။ အမိက အဘ၏ ဘ၀အဖော်အဖြစ် အနှစ်သုံးဆယ်ကျော် ကျင်လည်လာခဲ့ရသည်ကိုးလေ။

''ဒဏ်ရာကနည်းနည်းတော့များတယ်၊ တစ်ခုခုနဲ့ အတိုက်ခံရတာ ထင်တယ်၊ ဖျောချောင်းရွာကဖြစ်ဖို့များတယ်၊ အသက်အန္တရာယ်အတွက်တော့ စိုးရိမ်စရာမလို တော့ဘူး၊ ဒါပေမဲ့..''

အဘက စကားကို ရှေ့မဆက်တော့ပဲ သက်ပြင်းသဲ့သဲ့ချလိုက်၏။ မိပန်း လည်း အဘ၏ သက်ပြင်းချသံကို နားလည်မိလိုက်သည်။ အမိကတော့ ဘာမှဝင် မပြောပဲ ဆေးကိုသာကျိုလို့နေ၏။ မိပန်းက အဘဆီကထွက်လာမည့် နောက်ဆက်တွဲ စကားကိုသာ ရင်မောစွာ စောင့်နေမိခဲ့သည်။

''ရွာကလူတွေသာသိသွားရင် အခက်၊ နဂိုကမှာ မပြေနိုင်တဲ့ ရန်ငြိုးတွေ လက်ဆင့်ကမ်းထားကြတာ၊ သိသာသွားရင် ဒီလူလေးအတွက် ရင်လေးစရာပေပဲ၊ တို့များလည်း ရွာကလူတွေမသိအောင် ဘယ်လောက်များဝှက်ထားနိုင်လိမ့်မလဲ၊ နေများကောင်းလာမှဖြင့် တိတ်တဆိတ်ပြန်လွှတ်ရပေမပေ့၊ အင်း.. ရေစက်များ ဆုံမှဆုံတတ်ပလေ''

အဘက တွေးတွေးဆဆလှမ်းပြောသည်။ အပြစ်ကင်းစင်သည့် လူစိမ်း၏ မျက်နှာကိုမြင်မိပြီး မိပန်း စိတ်မောသွားမိ၏။ အဘပြောသလို ရေစက်ဆုံသည်ကို လည်း ကောင်းသည့်ဆုံစည်းခြင်းမျိုးဖြစ်မလာနိုင်ဘူးဆိုတာ မိပန်းရင်မောစွာ တွေးမိ ပါရဲ့။

''ရွာကလူတွေသိသွားမှာကို မိပန်း အရမ်းကြောက်တာပဲ အဘရယ်''

မိပန်းပြောလိုက်တော့ အဘက ခေါင်းညိတ်ပြသည်။

''ဟုတ်တာပေါ့ မိပန်းလေးရယ်၊ ရွာကလူတွေသာသိသွားရင် ဒီလူလေးနဲ့ အဘတို့အတွက် မတွေးဝံ့စရာပါပဲကွယ်''

အဘစကားကို ကြားသည်နှင့်တင် မိပန်း ကြောက်လှပါပြီ။ မိပန်း နားလည် သိတတ်စအရွယ်ကတည်းက ရွာနှစ်ရွာ မတည့်ဘူးဆိုတာကိုသိ၏။ ကြီးမားသည့် ရန်ငြိုးရန်စရှိမှန်းလည်းသိသည်။ သို့သော် ထိုရန်ငြိုး အာဃာတတို့၏ မြစ်ဖျားခံရာ ကိုမသိခဲ့။ ဘယ်လိုအကြောင်းအရာတွေကများ ရွာနှစ်ရွာကို အမုန်းဓာတ်တွေ လွှမ်းခြုံသွားခဲ့သလဲ မိပန်း သိချင်လှသည်။

အခုတော့ မိပန်းတို့ ရွာနှစ်ရွာတွင် ချစ်ကြည်ရင်းနှီးမှုတို့ ကွယ်ပျောက်နေသည်။ စည်းလုံးခြင်းတို့ လွင့်စင်ပပျောက်နေသည်။ မိပန်းတော့ လူလူချင်း ရန်တုံ့ နှင်းနေကြသည့် ရန်ငြိုးတွေကို မုန်းလွန်းလှပါ၏။ လူ့ရွာတွင် လူသားဆန်စွာ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်နေရလျှင် ကောင်းမည်ဟု မိပန်းတွေးမိသည်။

''ရွာနှစ်ရွာက ဘာဖြစ်လို့များ ဒီလောက်တောင် အငြိုးအတေးတွေ ကြီးနေ ရတာ လဲဟင် အဘ၊ မိပန်းကို ပြောပြပါလားဟင်''

မိပန်းမေးလိုက်တော့ အဘ နှုတ်ခမ်းဖျားလေးလှုပ်ခတ်သွား၏။ မျက်ဝန်းတွေ ညိုမှောင်သွားသည်။ မိပန်းကမူ အဘဆီကထွက်ကျလာမည့်စကားကို ရင်တထိတ် ထိတ်နှင့် မျှော်နေမိလေသည်။

''ဖြစ်ခဲ့တာက အဘရဲ့ အဘိုးအဘွားတွေ လက်ထက်ကတည်းကပေါ့ မိပန်းရယ်၊ ကြာခဲ့ပါပြီ၊ ဒါပေမဲ့ ရန်ငြိုးရန်စ အာဃာတတွေကတော့ အခုထိ သစ်လွင်နေတုန်းပါပဲလား၊ သြော် လူတွေ လူတွေ၊ မေတ္တာကိုသတ်ပြီး အမုန်းကိုမှ ရှင်သန်စေခဲ့တဲ့ လူတွေပါလားကွယ်..''

အဘက တစ်နေရာသို့ ဆွေးမြေ့စွာကြည့်၏။ ထို့နောက် အဘ၏ နှုတ်ခမ်း ဖျားလေး လှုပ်ခတ်လာသည်။ မိပန်းသည်လည်း အဘ၏ နှုတ်မှ

ထွက်ကျလာသည့် စကားသံကို ငြိမ်သက်စွာ ပင်နားထောင်နေမိခဲ့လေသည်။

*

အခန်း(၆)

လွန်ခဲ့သော နှစ်ပေါင်း ရှစ်ဆယ်ကျော်ခန့်ကဖြစ်သည်။ ဖျောချောင်းနှင့် ဗျိုက်တောနှစ်ရွာစလုံး ထူးခြားစွာ သက်ဝင်လှုပ်ရှားနေ၏ ။ ထူးခြားဆိုသည်နေ့က ဗျိုက်တောရွာအလှည့်။

အရင်က ရေလယ်ဘုရားပွဲကို ကျင်းပသည့်ဓလေ့မရှိခဲ့ပေ။ ရေလယ်ဘုရားပွဲ ကို တစ်လှည့်စီကျင်းပရသည့် အကြောင်းအရင်းကလည်းရှိခဲ့သည်။

ဗျိုက်တောရွာနှင့် ဖျောချောင်းရွာအလယ်တွင် မဒူမြစ်ကြီးက ထီးထီးကြီး ခြားလို့နေ၏ ။ ထူးဆန်းသည်က ထိုမဒူမြစ်ကြီး၏ အလယ်တွင် ဗုဒ္ဓဆင်းတုတော် တစ်ဆူ ကိန်းဝပ်နေခြင်းပင်။ ထိုဆင်းတုတော်သည် ရေလှိုင်းများ ရိုက်ခတ်သွား သည့်တိုင်အောင် မျောပါမသွားပဲ ထိုတစ်နေရာတည်း၌ သာ ကိန်းဝပ်နေလေသည်။

ထူးဆန်းသည့်အဖြစ်အပြက်ကြောင့် ဗျိုက်တောနှင့် ဖျောချောင်းနှစ်ရွာလုံး လှုပ်လှုပ်ရှားရှားနှင့် ဆူညံနေကြလေသည်။ မဒူမြစ်ကမ်းစပ်တွင်လည်း ရွာထဲမှ လူတစ်ယောက်မကျန်ရောက်နေခဲ့၏ ။ ရွာနှစ်ရွာစလုံး၏ ဆရာတော်များသည်ပင် မဒူမြစ်ကမ်းစပ်သို့ ကြွလာကြသည်။

''ထူးဆန်းလိုက်တာ၊ ဒီအသက်ဒီအရွယ်အထိ ဒီလောက်ထူးဆန်တဲ့အဖြစ် အပြက်မျိုးမကြုံဖူးဘူးတော်''

''ဟုတ်ပ့ါဗျာ၊ ရေထဲမျောပါမသွားပဲ တစ်နေရာတည်းမှာ ကိန်းဝပ်နေတာ တန်ခိုးကြီးလို့ပဲဖြစ်ရမယ်၊ ဆင်းတုတော်ကို မြန်မြန်ပင့်ဆောင်ကြဟေ့''

သို့နှင့် ဆင်းတုတော်အား ရွာနှစ်ရွာစလုံး

လှေဖြင့်သွားရောက်ဆယ်ယူပင့် ဆောင်ကြလေသည်။ ထိုအခါ ပို၍ အံ့ဩစရာကကောင်းသည့်အဖြစ်နှင့်ကြုံရ၏ ။ ဆင်းတုတော်အား ဗိုလ်ျက်တောရွာသားများ ဘယ်လိုမှပင့်ဆောင်၍ မရကြပေ။ သို့နှင့် ဖျောချောင်းရွာက ဆယ်ယူပင့်ဆောင်ကြသည်။ သို့သော် ပင့်ဆောင်၍ မရ။ ဆင်းတု တော်သည် ရေလယ်တွင်သာ ကိန်းဝပ်စံပယ်နေလေ၏ ။

ဆင်းတုတော်သည် အရွယ်အစားအားဖြင့် နှစ်လက်မပတ်လည်လောက်သာ ရှိ၏ ။ သို့တိုင်အောင် ရွာသားများ ဘယ်လောက်ပင် လူအင်အားသုံးပါသော်လည်း ပင့်ဆောင်မရခဲ့ပေ။ ဗုဒ္ဓဆင်းတုတော်၏ တန်ခိုးကြီးမားလှပုံက အံ့မခန်းဖွယ်ရာ ဖြစ်ခဲ့သည်။

ထိုနေ့က ဆင်းတုတော်အား ဘယ်လိုမှပင့်ဆောင်မရသဖြင့် လက်လျှော့ထား ခဲ့ကြရသည်။ မဒူမြစ်ကမ်းနှစ်ဖက်တွင်လည်း မဏ္ဍပ်များထိုးကာ ဆင်းတုတော်အား ပူဇော်ခဲ့ကြသည်။ မဒူမြစ်ကမ်းတစ်လျှောက် ဆင်းတုတော်မျောပါသွားမည်စိုးသဖြင့် ညအိပ်ညနေအလှည့်ကျ စောင့်ကြပ်ထားခဲ့ကြသည်။

နောက်တစ်နေ့ရောက်တော့ ဆင်းတုတော်ကို တစ်ဖန်ပင့်ဆောင်သယ်ယူ ပြန်၏ ။ သို့သော် မရခဲ့ပေ။ ထိုအခါ ဆင်းတုတော်အား ဖျောချောင်းနှင့် ဗိုလ်ျက်တော နှစ်ရွာစလုံးအဓိဋ္ဌာန်ပြုပြီးပင့်ဆောင်ရန် ရွာဦးကျောင်းဆရာတော်က အကြံပြု၏ ။ ဆရာတော်ပြောသည့်အတိုင်း နှစ်ရွာစလုံးအဓိဋ္ဌာန်ပြုကာ အတူပင့်ဆောင်ခဲ့ကြ သောအခါမှ ဆင်းတုတော်သည် အံ့ဩဖွယ်ကောင်းလောက်အောင် ပင့်ဆောင်၍ ရသွားခဲ့လေသည်။

ရေလယ်တွင် ပေါ်လာသည့်ဘုရားမို့ ရေလယ်ဘုရားဟုခေါ်ဆိုကြသည်။ ထို့နောက် တစ်နှစ်လျှင် တစ်ရွာက ရေလယ်ဘုရားအားပင့်ဆောင်ပူဇော်ကာ ရေလယ် ဘုရားပွဲကျင်းပမည့် အစီအစဉ်ကိုလည်း အားလုံးသဘောတူ သတ်မှတ်ခဲ့ကြသည်။

ထိုအချိန်မှစ၍ ရွာနှစ်ရွာတွင် ရေလယ်ဘုရားပွဲကျင်းပသည့် ဓလေ့တစ်ခု စတင်ဖြစ်ထွန်းလာခဲ့လေသည်။

*

ဗျိုက်တောရွာတွင် ရေလယ်ဘုရားပွဲကျင်းပသည့်ညမို့ တစ်ရွာလုံး လှုပ်ရှား သက်ဝင်နေလေသည်။ မြို့က ငှားထားသည့်ဇာတ်ပွဲမှ ဆိုင်းသံတို့ကလည်း မြိုင် ဆိုင်စွာ ထွက်ပေါ်လာလေပြီ။ ဘုရားပွဲကျင်းပသည့် ရွာဦးကျောင်းပရဝုဏ်အတွင်း တွင်တော့ ဘုရားဖူးသူများဖြင့် စည်ကားနေသည်။

ဆင်းတုတော်၏ တန်ခိုးကြီးပုံကို ကြားသိကြသည့် ရွာနီးချုပ်စပ်များမှ လူတွေလည်း လှည်းတတန် လှေတတန် လာရောက်ဖူးကြ၏ ။ ထို့ကြောင့်လည်း ဗျိုက်တောရွာ၏ ရေလယ်ဘုရားပွဲမှာ အကြီးကျယ်ဆုံးဘုရားပွဲကြီး ဖြစ်ခဲ့သည်။

ညကိုးနာရီအချိန်လောက်တွင်တော့ ဇာတ်ပွဲအရှေ့တွင် လူများစည်ကား လွန်းလှ၏ ။ ရွာသူရွာသားများက ဇာတ်ပွဲကို အင်မတန်နှစ်ခြိုက်သူများမို့ပင်။ ထမင်းစားပျက်ပါစေ၊ ဇာတ်ပွဲကြည့်မပျက်စေရ ဆိုသည့်သူ များလှ၏ ။ တစ်နှစ် ပတ်လုံး ဝမ်းတစ်ထွာအတွက် ရုန်းကန်ခဲ့ရသမျှ ပျော်ပွဲရွှင်ပွဲလေးကိုဖြင့် အာသာ ပြေအောင် ကြည့်ချင်ကြသည်။

''ဖြောင်း..''

''ချကွ.. ဒီကောင်တွေ လူပါးဝတယ်''

''ကဲကွာ.. ဖြောင်း..''

ပွဲစသည်မှာ သိပ်မကြာသေး။ ဆူညံသံတို့က ခပ်ကျယ်ကျယ်ထွက်လာ၏ ။ ပွဲခင်းအနီးတွင် ရုန်းရင်းဆန်ခတ်ဖြစ်လာသည့် လူတစ်စုကြောင့် ပွဲကြည့်နေသူများ

အလန့်တကြားထပြေးကြသည်။ တစ်ယောက်ထပြေး နှစ်ယောက်ထပြေးနှင့် နောက်ဆုံး အဖြစ်အပြက်အကြောင်းအရာကိုမသိပဲ ထပြေးသည့်သူတွေများသွား၏ ဇာတ်ပွဲလည်း ကန့်လန့်ကာချလိုက်ရလေပြီ။

ပွဲခင်းသည် ပျော်စရာအတိဖြစ်နေရာမှ ဆူညံအော်ဟစ်သံတို့ဖြင့် ဖုံးလွှမ်းသွားသည်။ ရုန်းရင်းဆန်ခတ်ဖြစ်နေသည့်ရန်ပွဲမှာ ပို၍ အရှိန်ရနေ၏ ။ ကြောက်လန့်တကြားထပြေးသူကများနေကာ ဝင်ဆွဲရဲသူမရှိကြပေ။ နောက်ဆုံးတုတ်တွေ ဓားတွေ ပါလာကြသည်။ ရန်ပွဲထဲမှ လူနှစ်ယောက် သုံးယောက်လဲကြသွားသည်ကို တွေ့နေ ကြသည်။

ရွာလူကြီးများနှင့် ကာလသားခေါင်းများ ရောက်လာချိန်တွင်တော့ ရန်ပွဲက အကျည်းတန်စွာ ပြီးဆုံးခဲ့လေပြီ။ ဖျောချောင်းရွာသားနှစ်ယောက်နှင့် ဗျိုက်တောရွာ သားတစ်ယောက် သေဆုံးခဲ့သည်။
တစ်ယောက်ချင်းစကားများကြရာမှ အုပ်စုလိုက် ရန်ဖြစ်ကြကာ သေဆုံးသည်အထိဖြစ်သွားခဲ့ကြ၏ ။ ထိုအဖြစ်အပြက်က ရွာနှစ်ရွာ အတွက် အကြီးမားဆုံးပဋိပက္ခတစ်ခုဖြစ်ခဲ့ရလေသည်။

ရန်ပွဲတွင်ပါဝင်ခဲ့သူများကို မြို့ကရဲများ လာရောက်ဖမ်းသွားခဲ့သည်။ သို့သော် ပြဿနာက သည်မျှနှင့် ပြီးမသွားခဲ့ချေ။ ရွာနှစ်ရွာ၏ ဆက်ဆံရေးတွင် ချစ်ခင်မှုတို့ ကွယ်ပျောက်သွားခဲ့၏ ။ အမှားအမှန်ကို ချင့်ချိန်ရမှန်းမသိ။ သူ့ရွာကလူသေသည်။ ကိုယ့်ရွာကလူသေသည်ဟူသည့် ကိုယ်စီအစွဲတို့အကြား ရွာနှစ်ရွာအမုန်းပွားသွား ကြသည်။

ဖျောချောင်းနှင့် ဗျိုက်တောနှစ်ရွာအကြားရှိ မဒူမြစ်ကြီးကိုပင် ပိုင်းခြားသတ်မှတ်လိုက်၏ ။ မဒူမြစ်အလယ်မှ ဟိုဘက် သည်ဘက်ဖြတ်ကျော်ပိုင်ခွင့်မရှိ။ နယ်ကျော်ခဲ့ပါလျှင် သေသေရှင်ရှင်ချကြမည်ဟူ၏ ။ ဤမျှအထိ ရန်ငြိုးအာဃာတထားခဲ့ကြသည်။

နှစ်ပေါင်းများစွာကြာခဲ့သည့်တိုင် ထိုရန်ငြိုးရန်စတို့သည် ပျောက်ကွယ်မသွားခဲ့ချေ။ တစစ ရှင်သန်ကြီးထွားဆဲဖြစ်သည်။

ရွာနှစ်ရွာအကြား ချစ်စတိုကာ မုန်းစတို့ရှည်ခဲ့လေပြီတည်း။

*